**ကြေးမုံစာတည်းရှုထောင့်** **၂၁-၁၁-၂၀၁၄၊ သောကြာနေ့**

# အသံတိတ်ရောဂါ သတိပြုပါ

ဆီးချိုသွေးချိုရောဂါကို အသံတိတ်လူသတ်သမားဟု ပြောဆိုသတိပေးကြသည်။ ဆီးချိုသွေးချိုရောဂါသည် ရေငုံနှုတ်ပိတ်နေကြသည့် လူမှုပတ်ဝန်းကျင်တွင် အသံတိတ်လူသတ်သမားဟု ဆေးပညာရှင်တစ်ဦးက မှတ်ချက်ပြုထားခြင်းဖြစ်သည်။ ထိုရောဂါသည် ဆီးချိုသွေးချိုရောဂါအပြင် ကျောက်ကပ်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် စက္ခုအမြင်ကွယ်ခြင်းများပါ အဆစ်ပါလာပြီး မသန်မစွမ်းဘဝရောက်၍ အသက်ဆုံးရှုံးရသည်ထိ ဒုက္ခပေးတတ်သော ရောဂါဆိုးဖြစ်သည်။

ဆီးချိုသွေးချိုရောဂါဆိုသည်မှာ ဇီဝကမ္မဖြစ်စဉ်ချို့ယွင်း၍ဖြစ်ပေါ်လာသော ရောဂါတစ်ခုဖြစ်ကာ ခန္ဓာကိုယ်တွင်း အင်ဆူလင်ဟော်မုန်းဓာတ်ချို့တဲ့နေ၍ဖြစ်စေ၊ အာနိသင်လျော့နည်းနေ၍ဖြစ်စေ၊ ကစီဓာတ်တို့အားလုံး၏ ဇီဝကမ္မဖြစ်စဉ်များ ပျက်စီးကာ သွေးတွင်းအချိုဓာတ်များပြားနေသော ရောဂါတစ်ခုဟုဆိုသည်။

ဆီးချိုသွေးချိုရောဂါမျိုးရိုးရှိသူများ၊ အဝလွန်ကဲသူများ၊ ကိုယ်ကာယလှုပ်ရှားမှုနည်းသောသူများ၊ သွေးအတွင်းအဆီဓာတ် များပြားသူများ၊ သွေးတိုးရောဂါရှိသူများ အသက်(၄၀)ကျော်လာသူတိုင်း ဆီးချိုသွေးချိုရောဂါဖြစ်နိုင်သည်။ ယင်းအချက်အလက်များမရှိသော်လည်း လူတိုင်းသည် ဆီးချိုသွေးချိုရောဂါဖြစ်နိုင်သည်ဟုဆိုထားရာ ဤအသံတိတ်လူသတ်သမားအန္တရာယ်ကို လူတိုင်းသတိထားနိုင်မှ တော်ကာကျပါမည်။

ဆီးချိုရောဂါကို လူချမ်းသာရောဂါတစ်မျိုးအဖြစ် ယေဘုယျအားဖြင့် မှတ်ချက်ပေးထားသည်။ အစားအစာ လွန်ကဲစွာစားခြင်းကြောင့် ဖြစ်သကဲ့သို့ အစားအစာရှားပါးခြင်းနှင့် လုံခြုံစိတ်ချရမှုမရှိသည့် အစားအစာများကြောင့်လည်း ဖြစ်တတ်ရာ ဤရောဂါသည် ဆင်းရဲချမ်းသာမရွေးဟု ဆိုနိုင်သည်။

ကမ္ဘာတစ်ဝန်းတွင် ဆီးချိုရောဂါသည် ၃၈၂ သန်းရှိပြီး တစ်နှစ်လျှင် သေဆုံးသူဦးရေ ၅ ဒသမ ၁ သန်းခန့်ရှိကြောင်း သိရသည်။ အာရှနှင့်အနောက်ပစိဖိတ်ဒေသများတွင် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါသည် ၃၈၂ သန်း၏ ထက်ဝက်ကျော်ရှိနေသည်။ အထူးသဖြင့် တရုတ်တွင် ၉၈ သန်းကျော်ရှိပြီး အိန္ဒိယက ၆၅ ဒသမ ၁ သန်းခန့်ဖြင့် ဒုတိယနေရာတွင်ရှိနေသည်။ အနောက်ပစိဖိတ်ဒေသ ဖီဂျီကျွန်းနိုင်ငံတွင် ခွဲစိတ်ဆရာဝန်များသည် ဆီးချိုသွေးချိုရောဂါနှင့်ဆက်နွှယ်သည့် ကိုယ်အင်္ဂါဖြတ်တောက်ကုသမှုများကို ၁၂ နာရီခြားတစ်ကြိမ် လုပ်ဆောင်နေကြောင်း သိရသည်။ အကြောင်းမှာ ဖီဂျီတွင် အသက်(၃၀)နှင့်အထက်ရှိ လူသုံးဦးတွင် တစ်ဦးနှုန်းဆီးချိုသွေးချိုရောဂါရှိနေသည်။

ယခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ "ဆီးချိုသွေးချိုရောဂါကာကွယ်ဖို့ ကျန်းမာအောင်နေထိုင်လို့ ရွေးချယ်စားကြစို့" ဟုဆိုထားရာ အနေအထိုင် အစားအသောက်ကအရေးကြီးလာသည်။ ဆီးချိုသွေးချိုဝေဒနာရှင်များအတွက် စားသုံးနိုင်သည့် အစာအာဟာရများကို ရဲတင်းစွာ စားသုံးနိုင်သကဲ့သို့ မသင့်လျော်သော အစာအာဟာရများကိုလည်း လုံးဝမစားသုံးကြရန် အထူးပင်လိုအပ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ မစားသုံးသင့်သည်များကို စားသုံးပါက သွေးအတွင်းသကြားဓာတ်များ လွန်ကဲများပြားနေမည်ဖြစ်သကဲ့သို့ စားနိုင်သည့် အစားအစာကို အလုံအလောက်မစားသုံးခဲ့လျှင်လည်း သွေးတွင်းအချိုဓာတ်များကျဆင်းလွန်းကာ သတိလစ်မေ့မြောခြင်းမှ အသက်အန္တရာယ်ဆုံးရှုံးနိုင်သည်အထိ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

ဆီးချိုသွေးချိုရောဂါအတွက် လိုက်နာဆောင်ရွက်သင့်သည့်အချက်များမှာ ချို၊ ငန်၊ အဆီများလျှော့စားခြင်း၊ ရေများများသောက်ခြင်း (အချိုရည်မဟုတ်)၊ ကိုယ်ခန္ဓာအဝမလွန်အောင်ထိန်းထားခြင်း၊ လှုပ်လှုပ်ရှားရှားနေထိုင်ခြင်း၊ တစ်နေ့ မိနစ် ၃၀ ခန့် ပုံမှန်လေ့ကျင့်ခန်းတစ်ခုခုလုပ်ခြင်း၊ အမျှင်ဓာတ်များသော အစာများများစားခြင်း၊ ပြည့်ဝဆီများ လျှော့စားခြင်း၊ စိတ်ဖိစီးမှုလျော့နည်းအောင်ကျင့်ကြံနေထိုင်ခြင်းများကို ပုံမှန်နှင့် စနစ်တကျရှိနေပါက ဤအသံတိတ် လူသတ်သမား ဆီးချိုသွေးချိုအန္တရာယ်စက်ကွင်းမှ ကင်းလွတ်နိုင်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် MJI သတင်းမီဒီယာသင်တန်းသားများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်သည် မန္တလေး Myanmar Journalism Institute (MJI) မှ သင်တန်းဆရာမစ္စတာ သောမတ်စ်ကိုလ်းမန်း ဦးဆောင်သော သတင်းမီဒီယာ သင်တန်းသားများအား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌တွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာန၏ လက်ရှိဖြစ်ပေါ်ပြောင်းလဲနေမှု အခြေအနေများ၊ ခေတ်စနစ်နှင့်အညီ မြန်မာမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ အရည်အသွေးပြည့်ဝသည့် ကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းသော သတင်းမီဒီယာသမားကောင်းများ ဖြစ်ပေါ် လာနိုင်စေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာသင်တန်းသားများက သိရှိလိုသည့်အချက်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**(သတင်းစဉ်)**

## ဒရယ်လူးတံတားတည်ဆောက်ရေး ကွင်းဆင်းကြည့်ရှု

**ကွမ်းခြံကုန်း နိုဝင်ဘာ ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာရှိ ဒရယ်လူးချောင်းကူးတံတားပေ ၃၀ အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေကျပ် ၁၄၉ သိန်းအကုန်အကျခံကာ တည်ဆောက်နိုင်ရေးအတွက် မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ခင်သန်းအေးနှင့်အတူ တံတားတည်ဆောက်မည့် မြင့်ထွဋ်ဦးဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးသက်နှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ကွမ်းခြံကုန်းကျေးလက်)**



**ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း**

**ရန်ကုန် နိုဝင်ဘာ ၂၀**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၇၅၀၀ | - | ၆၅၇၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၇၅၀၀ | - | ၆၅၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၄၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၀၉. ၃ |

| | | | |
|---|---|---|---|
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၀. ၆၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၈၀၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၁၀. ၈၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၈၅၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၈၃. ၅၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၉၅၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၉၈. ၅၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၀၂. ၀၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



# ဟွန်ဒူးရပ်စ်အလှမယ်ကို သတ်ခဲ့သူတရားခံ ဖြောင့်ချက်ပေးပြီ

**တေဂူစီဂယ်လ်ပါ နိုဝင်ဘာ ၂၀**

အမျိုးသားတစ်ဦးက ၎င်း၏ချစ်သူ အခြားအမျိုးသားတစ်ဦးနှင့်တွဲကနေသည်ကိုတွေ့ရှိရသည့်အတွက် သဝန်တိုကာဒေါသမထိန်းနိုင်သောကြောင့် ဟွန်ဒူးရပ်စ် အလှမယ်နှင့် ၎င်း၏အစ်မကို သတ်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံဖြောင့်ချက်ပေးလိုက်ပြီဖြစ်သည်။

အလှမယ် မာရီယာ ဂျိုးစ် အယ်ဗာရာဒို(၁၉)နှစ်နှင့် အစ်မဖြစ်သူ ဆိုဖီယာ (၂၃)နှစ်တို့၏ ရုပ်အလောင်းများကို ဆန်တာဘာဘရာမြို့ ရေပူစမ်းတစ်ခုအနီးတွင် မြှုပ်နှံထားသည်ကို နိုဝင်ဘာ ၁၉ ရက်က တူးဖော်တွေ့ရှိခဲ့ကြသည်။ ၎င်းတို့နှစ်ဦးသည် ဝန်ခံဖြောင့်ချက်ပေးခဲ့သူ ဆိုဖီယာ၏ချစ်သူ ပလူတာကိုရှဗ်၏ မွေးနေ့ပွဲမှစ၍ ယခုသီတင်းပတ်အစောပိုင်းတွင် ပျောက်ဆုံးနေခဲ့ခြင်းဖြစ်သည်။

အယ်ဗာရာဒိုသည် ဟွန်ဒူးရပ်စ်နိုင်ငံ၏ကိုယ်စားပြုအလှမယ်အဖြစ် ယခုနှစ် မယ်ကမ္ဘာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခံထားရသူဖြစ်သည်။

ပလူတာကိုရှဗ်က ညီအစ်မနှစ်ယောက်ကို သတ်ခဲ့ကြောင်းဝန်ခံခဲ့ပြီး ကြံရာပါတစ်ဦးနှင့်အတူ ဟွန်ဒူးရပ်စ်နိုင်ငံ မြို့တော် တေဂူစီဂယ်လ်ပါ အနောက်ဘက် မိုင် ၂၄၀ အကွာ ဆန်တာဘာဘရာဒေသ၏ တောင်ကုန်းများကြားတွင် ရုပ်အလောင်းများမြှုပ်နှံထားသည့်နေရာကိုလည်း စုံစမ်းစစ်ဆေးသူများအား ညွှန်ပြခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။



ရဲအရာရှိ လီယိုနာဒို အိုဆာရီယိုက ဆိုဖီယာနှင့် အခြားအမျိုးသားတစ်ဦး စုံတွဲကခုန်နေပြီး ရင်းနှီးကျွမ်းဝင်နေသည်ကို မိမိအနေဖြင့် စိတ်မထိန်းနိုင်ဘဲ လူသတ်ခဲ့မိသည်ဟု ပလူတာကိုရှဗ်က ဝန်ခံကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။ မာရီယာမှာမူ အစ်မနှင့်အတူ ရှိနေသဖြင့် အသတ်ခံရခြင်းဖြစ်သည်။

**ရိုက်တာ။**

# ဆီရာလီယွန်တွင် တာဝန်ထမ်းဆောင်နေသည့် ကျူးဘားဆရာဝန်တစ်ဦး အီဘိုလာရောဂါကူးစက်ခံရ



**ဟာဗားနား နိုဝင်ဘာ ၂၀**

အနောက်အာဖရိကတွင် တာဝန်ထမ်းဆောင်နေသည့် ကျူးဘား လူမျိုးဆရာဝန်တစ်ဦး အီဘိုလာရောဂါကူးစက်ခံနေရကြောင်း ကျူးဘားအစိုးရတာဝန်ရှိသူက ပြောကြားသည်။

ဆီရာလီယွန်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် ကျူးဘားလူမျိုးဆရာဝန်သည် အီဘိုလာရောဂါစွဲကပ်ခံရပြီး ၎င်းအားဆေးဝါး ကုသမှုခံယူစေရန် ဂျီနီဗာမြို့သို့ လွှဲပြောင်းပို့ဆောင်ပေးမည်ဟု ကျူးဘားအစိုးရကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းသည် လက်တင်အမေရိကဒေသ နိုင်ငံများထံမှ ပထမဆုံး အီဘိုလာရောဂါကူးစက်ခံရသူဟု ယုံကြည်ရဖွယ်ရှိသည်။

အီဘိုလာရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် သေဆုံးခဲ့သူပေါင်းမှာ ၅၀၀၀ ကျော်ရှိပြီး သေဆုံးသူအားလုံးနီးပါးမှာ အနောက်အာဖရိကဒေသမှ ဖြစ်သည်။

**ဘီဘီစီ။**

# ဖလော်ရီဒါတက္ကသိုလ်တွင် ပစ်ခတ်မှုဖြစ်ပွား သုံးဦးဒဏ်ရာရ

**ဖလော်ရီဒါ နိုဝင်ဘာ ၂၀**

အမေရိကန်နိုင်ငံ ဖလော်ရီဒါတက္ကသိုလ်စာကြည့်တိုက်တွင် နိုဝင်ဘာ ၂၀ရက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် လူသုံးဦးထိခိုက်ဒဏ်ရာရရှိသွားခဲ့ပြီး တက္ကသိုလ်နယ်မြေ၌ ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေနတ် သမားသေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲအရာရှိများသည် တက္ကသိုလ်စာကြည့်တိုက်အပြင်ဘက်တွင် သေနတ်သမားနှင့် ရင်ဆိုင်တွေ့ရှိခဲ့ပြီး လက်နက်ချရန် အမိန့်ပေးခဲ့သော်လည်း ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အသေပစ်ခတ်ဖမ်းဆီးရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေနတ်သမား၏ ပစ်ခတ်မှုကြောင့် လူသုံးဦးထိခိုက်ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဒေးဗစ်နော့ဘ်ဝေးက သတင်းထောက်များကို ပြောကြားခဲ့သော်လည်း အသေးစိတ်အချက်အလက်များကို ပြောကြားခြင်းမရှိပေ။



ဒဏ်ရာရှိသူများကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။

“သေနတ်သံကြားတာနဲ့ တစ်ပြိုင်တည်း ပရမ်းပတာတော့ဖြစ်ပြီဆိုပြီး အတော်ကို ထိတ်လန့်သွားတာပဲ။ ရင်တွေခုန်ပြီး ဘာမှကိုမသိတော့ပါဘူး” ဟု ပစ်ခတ်မှုအတွင်း စာကြည့်တိုက်ထဲရှိနေသည့် တက္ကသိုလ်ကျောင်းသူ အလက်ဇန္ဒြားလော်ရန်က စီအင်န်အင်န် သတင်းဌာနသို့ စိတ်လှုပ်ရှားစွာဖြင့် ပြောပြသည်။

**ရိုက်တာ။**

# ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှုနှစ် ၂၀ ပြည့် အကြမ်းဖက်တိုက်ဖျက်မှု လေ့ကျင့်ရေး တိုကျိုတွင် ပြုလုပ်

**တိုကျို နိုဝင်ဘာ ၂၀**

၁၉၉၅ ခုနှစ်က တိုကျိုမြေအောက်ရထားတွင် အုမ်းရှင်ရီကျို ဘာသာရေးဂိုဏ်းက ဆာရင်းအဆိပ်ဓာတ်ငွေ့ဖြင့် အကြမ်းဖက်တိုက်ခိုက်မှု အထိမ်းအမှတ် အကြမ်းဖက်တိုက်ဖျက်ရေးလေ့ကျင့်မှုကို ကြာသပတေးနေ့က တိုကျိုမြို့၌ ပြုလုပ်သည်။

အဆိုပါ အကြမ်းဖက်တိုက်ဖျက်ရေး လေ့ကျင့်မှုသည် အများပြည်သူပိုင် မီးရထားဘူတာ၌ ပထမဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်သည်။ တိုကျိုမြို့အလယ်ပိုင်းရှိ ဟီဘီရာဘူတာ၌ ပြုလုပ်သော အဆိုပါ လေ့ကျင့်မှုကို လူ ၃၀၀၀ ခန့်ပါဝင်ကြပြီး တိုကျိုမြို့ပြရဲတပ်ဖွဲ့နှင့် တိုကျိုမီးသတ်တပ်ဖွဲ့ တို့မှ တာဝန်ရှိသူများ ပါဝင်ကြသည်။

အဆိုပါ လေ့ကျင့်မှုတွင် အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခြင်းကို တုံ့ပြန်ခြင်းနှင့် ဆန္ဒပြပွဲအား တားဆီးကိုင်တွယ်ဖြေရှင်းခြင်းတို့ကို ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းလေ့ကျင့်ကြသည်။

အဆိုပါ လေ့ကျင့်ပွဲသို့ တက်ရောက်ခဲ့သူ တာမိုဆုအိုင်မီက ပြောကြားရာတွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုတိုင်းအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့အစည်းအားလုံး လက်တွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

၁၉၉၅ ခုနှစ် မတ်လ ၂၀ ရက်နေ့က အုမ်းရှင်ရီကျိုဘာသာရေးအစွန်းရောက် ဂိုဏ်းသားများ၏ တိုက်ခိုက်မှုကြောင့် လူ ၁၃ ဦးသေဆုံးပြီး ၆၃၀၀ ဒဏ်ရာရခဲ့သည်။

**ကျိုဒို။**

# တရုတ်နိုင်ငံအနောက်မြောက်ပိုင်းမြို့တစ်မြို့ရှိ ဆေးရုံတွင် လူတစ်ဦးက ဓားဖြင့်ထိုးသဖြင့် ခုနစ်ဦးသေဆုံး

**ပေကျင်း နိုဝင်ဘာ ၂၀**

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း မြို့တစ်မြို့ရှိ ဆေးရုံတွင် ဓားကိုင်ဆောင်ထားသူတစ်ဦးက လူအများကို လိုက်လံထိုးနှက်တိုက်ခိုက်ရာ လူခုနစ်ဦးသေဆုံးသွားကြောင်း တရုတ်အစိုးရသတင်းဌာနက ဖော်ပြသည်။

လူသိများသည့် အပန်းဖြေမြို့ ဘိုင်ဒီပေးတွင် နိုဝင်ဘာ ၂၀ ရက်က ယင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း စီစီတီဗွီရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။ ပြစ်မှုကျူးလွန်သူမှာ အသက် (၂၇) နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး စိတ်ဝေဒနာရှင်တစ်ဦးဟု ယုံကြည်ရပြီး ၎င်းအား ဖမ်းဆီးထားသည်ဟု သိရသည်။

တရုတ်နိုင်ငံတစ်ဝန်းတွင် ဆက်တိုက်ဖြစ်ပွားနေသည့် လူအသေအပျောက်ရှိသည့် ဓားဖြင့်တိုက်ခိုက်မှုများအနက် ယခုဖြစ်ရပ်မှာ နောက်ဆုံးဖြစ်ပွားခြင်းဖြစ်သည်။

ယခုနှစ် စက်တင်ဘာလအတွင်းက တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျောင်းတက်ရန်လာနေသည့် ကလေးငယ်များကို လူတစ်ဦးက ဓားဖြင့်လိုက်လံတိုက်ခိုက်ရာ ကလေးငယ်လေးဦး သေဆုံးခဲ့ရသည်။

ယင်းလအတွင်း၌ပင် ဟူဘေးပြည်နယ်အလယ်ပိုင်းရှိ ကျောင်းတစ်ကျောင်းတွင် ဓားဖြင့်တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ကျောင်းသားငယ်သုံးဦး သေဆုံးပြီး အခြားလူခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

**ဆင်ဟွာ။**

# နိုင်ငံရေးအကျဉ်းသားဟောင်း ၃၀ ကိုလျော်ကြေးပေးရန် ချီလီတရားရုံးချုပ် အမိန့်ချမှတ်

**ဆန်တီယေဂို နိုဝင်ဘာ ၂၀**

နိုင်ငံရေးအကျဉ်းသားဟောင်း ၃၀ အား ချီလီအစိုးရက အမေရိကန်ဒေါ်လာ ၇ ဒသမ၅သန်း (ပေါင် ၄ ဒသမ ၈ သန်း)ခန့် လျော်ကြေးပေးရန် ချီလီနိုင်ငံ တရားရုံးချုပ်က အမိန့်ချမှတ်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၎င်းတို့မှာ ချီလီနိုင်ငံအား ဗိုလ်ချုပ်ကြီးဩဂတ်စတိုပီနိုချေးက စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်နေစဉ် ချီလီနိုင်ငံ၏ တောင်ဘက်အစွန်အဖျားမှ ကျွန်းတစ်ကျွန်း ပေါ်၌ ထိန်းသိမ်းခံကြရသူများဖြစ်သည်။

အဆိုပါ အကျဉ်းသားများတွင် နိုင်ငံရေးခေါင်းဆောင်များနှင့် ချီလီအစိုးရအဖွဲ့ဝင် ဝန်ကြီးများလည်း ပါဝင်သည်။ ၎င်းတို့အား ၁၉၇၃ခုနှစ်မှစ၍ ဒေါ်ဆန်ကျွန်းတွင် နှစ်နှစ်ကြာ ထိန်းသိမ်းထားခြင်းဖြစ်သည်။

၎င်းတို့သည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများအား ကြုံကြုံခံခဲ့ကြကြောင်း တရားရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းအကျဉ်းသားများအား ကမ္ဘာ့အစွန်အဖျားရှိ ကျွန်းတစ်ကျွန်းပေါ်တွင် ဥပဒေမဲ့ ထိန်းသိမ်းချုပ်နှောင်ထားခဲ့ခြင်းဖြစ်သည်ဟု ချီလီတရားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အကျဉ်းသားများအား ကျွန်းပေါ်ရှိ စစ်တန်းလျားတစ်ခုတွင် စုဝေးထိန်းသိမ်းထားပြီး အပူချိန် သုည ဒီဂရီအောက်တွင် အလုပ်များကို အတင်းအကျပ်ခိုင်းစေခဲ့သည်။

ဒေါ်ဆန်ကျွန်းမှာ ချီလီနိုင်ငံ၏မြို့တော် ဆန်တီယေဂိုနှင့် ကီလိုမီတာ ၄၀၀၀ (မိုင် ၂၅၀၀)ကွာဝေးပြီး မက်ဂျယ်လန်ရေလက်ကြားတွင် တည်ရှိသည်။ ၎င်းကျွန်းစုမှာ တောင်အမေရိကတိုက်၏ တောင်ဘက်အစွန်ဆုံးဒေသ၌ တည်ရှိခြင်းဖြစ်သည်။

**ဘီဘီစီ။**

စာမျက်နှာ ၆ မှ

### အဆင့်နှစ်ဆင့် ခွဲခြားသတ်မှတ်

အသစ်ချုပ်ဆိုလိုက်သည့် မူဘောင်သဘောတူစာချုပ်အရ စီမံကိန်းလုပ်ငန်းများအား အလျင်အမြန် အကောင်အထည်ဖော်ခြင်းဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် ရရှိစေနိုင်မည်ဖြစ်ရာ ထိုရည်ရွယ်ချက်ဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအား ပင်မစီမံကိန်း (Full Phase Project) နှင့် ကနဦးစီမံကိန်း (Initial Phase Project) ဟူ၍ အဆင့်နှစ်ဆင့် ခွဲခြားသတ်မှတ်ခဲ့ပါသည်။

ပင်မစီမံကိန်း (Full Phase) တွင် ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်၊ သံမဏိစက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရေပေးဝေရေးစနစ်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၊ ထားဝယ်အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ် ကန်ချနာဘူရီပြည်နယ် ဖူနာရွှမ်သို့ ဆက်သွယ်သော အဝေးပြေးကားလမ်း၊ မီးရထားလမ်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်း၊ မြို့ပြနှင့် စီးပွားရေးအချက်အချာ အဆောက်အအုံများ၊ ခရီးသွားလုပ်ငန်းများ၊ အပန်းဖြေနေရာစခန်းစသည့် စီမံကိန်းလုပ်ငန်းကြီးများ ပါဝင်မည်ဖြစ်ပါသည်။ ကနဦးစီမံကိန်း (Initial Phase Project) တွင် နှစ်လမ်းသွားကားလမ်း၊ ဆိပ်ကမ်းငယ်၊ ကနဦးစက်မှုဇုန်၊ ကနဦးလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကနဦးလူနေအဆောက်အအုံများနှင့် မြို့ပြစီမံကိန်း၊ ကနဦးရေပေးဝေရေးစီမံကိန်းနှင့် ဆက်သွယ်ရေးလိုင်းများ ပါဝင်မည်ဖြစ်ပါသည်။

### ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်

ကနဦးစီမံကိန်းလုပ်ငန်းများအား လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးတည်ဆောက်သူ (Developer) နှင့် ရင်းနှီးမြှုပ်နှံသူ (Investor) များအား နိုင်ငံတကာ တင်ဒါခေါ်ယူခြင်း (International Tender) မပြုလုပ်ဘဲ ရွေးချယ်ခေါ်ယူခြင်း (Selective Bidding) ပုံစံဖြင့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာအသိအမှတ်ပြု အဖွဲ့အစည်းဖြစ်သည့် Roland Berger Strategy Consultant အား စီမံကိန်းစီမံခန့်ခွဲသူ (Project Management Officer-PMO)အဖြစ်တာဝန်ပေးအပ်ပြီး အီတာလျံ-ထိုင်း စုပေါင်းကုမ္ပဏီအဖွဲ့ (ITD Consortium) နှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (METI) မှတစ်ဆင့် ဂျပန်ကုမ္ပဏီများသို့ ဖိတ်ခေါ်ခဲ့ပါသည်။

### ဂျပန်၏အဆိုပြုချက်

ဂျပန်နိုင်ငံ METI မှ (၁၈-၉-၂၀၁၄) ရက်နေ့တွင် Suggestion Proposal ကိုသာ တင်သွင်းခဲ့ရာ ဂျပန်နိုင်ငံ၏ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းအား စိတ်ဝင်စားပါကြောင်း၊ စီမံကိန်းသည် မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသာမက မဲခေါင်ဒေသနိုင်ငံများ၏ သွင်းကုန်/ထုတ်ကုန် အချက်အချာနေရာတစ်ခု ဖြစ်လာနိုင်ပါကြောင်း၊ သို့ဖြစ်ရာ ဂျပန်နိုင်ငံအနေဖြင့် ပထမအဆင့်အဖြစ် အစိုးရဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများက စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ အချက်အလက်များပိုမိုသိရှိရန် သုတေသနလုပ်ငန်းများ ပြုလုပ်၍ ဖြစ်နိုင်ခြေရှိမှုကို လေ့လာစိစစ်သွားလိုပါကြောင်း၊ METI မှ ဦးဆောင်ပြီး Economic Research Institute for ASEAN and East Asia (ERIA) မှ တာဝန်ယူကာ ထားဝယ်အထူးစီးပွားရေးဇုန် ရေရှည်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်သည့် အောက်ပါသုတေသနလုပ်ငန်း သုံးခုကို ၂၀၁၅ ခုနှစ် မတ်လအပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ERIA ကို ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV) တွင် ဂျပန်နိုင်ငံ ကိုယ်စားပြုအဖွဲ့ဝင်အဖြစ် လက်ခံရန် ကမ်းလှမ်းပါကြောင်း စသည်ဖြင့် အဆိုပြုခဲ့ပါသည် -

(၁) မြန်မာနိုင်ငံစက်မှုလုပ်ငန်းဆိုင်ရာ စီမံကိန်းနှင့် မဲခေါင်-အိန္ဒိယ တောင်ဘက်စီးပွားရေး စင်္ကြံ ဖွံ့ဖြိုးမှုတိုးမြှင့်စေရေးသုတေသန၊

(၂) ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ လေ့လာသုံးသပ်ရေး သုတေသန၊

(၃) ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးမှုအတွက် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍအကြား ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်ရေးသုတေသန၊

### အီတာလျံ-ထိုင်း ကုမ္ပဏီ၏ အဆိုပြုချက်

အီတာလျံ-ထိုင်း ကုမ္ပဏီမှ ၂၂-၉-၂၀၁၄ ရက်နေ့တွင် Application for the Dawei SEZ Initial Phase Development အား တင်သွင်းခဲ့ပါသည်။ အီတာလျံ-ထိုင်းကုမ္ပဏီမှ တင်သွင်းသည့် Application Proposal သည် တင်ဒါပါ အချက်အလက်အချို့နှင့် မကိုက်ညီသော်လည်း တင်ဒါပုံစံအတိုင်း လိုက်နာဆောင်ရွက်ထားသည်ဖြစ်ရာ ၎င်း၏ ကမ်းလှမ်းလွှာကိုလက်ခံ၍ ဆက်လက်ဆောင်ရွက်သွားရန် သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

### ဘာ့ကြောင့် အီတာလျံ-ထိုင်းကို ကနဦးစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

ကနဦးစီမံကိန်းများကို ဆောင်ရွက်မည့် အီတာလျံ-ထိုင်းစုပေါင်းကုမ္ပဏီအဖွဲ့ (ITD Consortium) တွင် Italian Development Public Company Limited (ITD)၊ Rojana Industrial Park Public Company Limited (Rojana)၊ Electricity Generating Public Company Limited (EGCO) နှင့် LNG Plus International Company Limited (LNG Plus) တို့ ပါဝင်ပါသည်။

ကနဦးစီမံကိန်းလုပ်ငန်းများအား အီတာလျံ-ထိုင်း စုပေါင်းကုမ္ပဏီအဖွဲ့သို့ ရင်းနှီးတည်ဆောက်သူအဖြစ် ပါဝင်ရန်ဖိတ်ခေါ်ရခြင်းမှာ အီတာလျံ-ထိုင်းသည် ၂၀၀၈ ခုနှစ်မှစ၍ ယခုစီမံကိန်းတွင် ပါဝင်ခဲ့ပြီး ၂၀၁၀ ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ သို့သော်လည်း ယခင်မူဘောင် သဘောတူစာချုပ်သည် စည်းနှောင်မှု ခိုင်မာခြင်းမရှိသည့်အတွက် စာချုပ်အား ရပ်ဆိုင်းခဲ့ရပြီး နိုင်ငံတကာ စံနှုန်းများအရ ပိုမိုစနစ်ကျပြီး စည်းနှောင်မှု အားကောင်းသည့်ပုံစံသို့ ပြောင်းလဲဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

အီတာလျံ-ထိုင်း ကုမ္ပဏီအား ဘေးသို့ဖယ်ထုတ်ခြင်းမဟုတ်ဘဲ ခိုင်မာသော လမ်းကြောင်းမှန်ပေါ်သို့ ပြန်တင်ပေးခြင်းဖြစ်ပြီး ထားဝယ်အထူးစီးပွားရေးဇုန်တွင် ယခင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံအပေါ် အခြေခံကာ ကနဦးစီမံကိန်းလုပ်ငန်းများအား လျင်မြန်စွာ စတင်နိုင်မည် ဖြစ်ပါသည်။

### လုပ်ဆောင်မှုများအား စနစ်တကျစီမံ

ကနဦးစီမံကိန်းအတွက် မြေအကျယ်အဝန်းကို အထူးစီးပွားရေးဇုန် နယ်နိမိတ်တစ်ခုလုံးဖြစ်သည့် ၁၉၆ စတုရန်းကီလိုမီတာအားလုံးအား ငှားရမ်းပေးမည် မဟုတ်ဘဲ ဧရိယာ၏ ၁၇ ရာခိုင်နှုန်းခန့်သာရှိသည့် အကျယ်အဝန်း ၃၁ စတုရန်းကီလိုမီတာကိုသာ ကနဦးစီမံကိန်း၏ အစပြုလုပ်ငန်းများ လုပ်ဆောင်ရန် စတင်ငှားရမ်းမည်ဖြစ်ပါသည်။ ၎င်းဧရိယာကို ကနဦးစက်မှုလုပ်ငန်းများ တည်ဆောက်ရန်အတွက် ၂၇ စတုရန်း ကီလိုမီတာအားလည်းကောင်း၊ ယင်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် လေးစတုရန်းကီလိုမီတာ စုစုပေါင်း ၃၁ စတုရန်းကီလိုမီတာခန့်အားလည်းကောင်း ဆောင်ရွက်စေမည် ဖြစ်ပါသည်။

ကနဦး စက်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင်လည်း စာချုပ်လက်မှတ်ထိုးချိန်တွင် ၂၇ စတုရန်းကီလိုမီတာလုံးပေးအပ်မည်မဟုတ်ဘဲ စတင်ချိန်တွင် ၎င်းလုပ်ငန်း၏ ပထမအဆင့်အဖြစ် ခုနစ် စတုရန်းကီလိုမီတာ၊ နောက်သုံးနှစ်တွင် ဒုတိယအဆင့်အဖြစ် ခုနစ် စတုရန်းကီလိုမီတာ၊ ဆက်လက်၍ နောက်နှစ်နှစ်တွင် တတိယအဆင့်အဖြစ် ခုနစ်စတုရန်းကီလိုမီတာနှင့် နောက်ထပ်နှစ်နှစ်တွင် နောက်ဆုံး ခြောက်စတုရန်းကီလိုမီတာ စသည်ဖြင့် အဆင့်ဆင့် ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

ယင်းသို့ခွင့်ပြုရာတွင်လည်း ပေးထားသည့် မြေဧရိယာအပေါ်တွင် စက်ရုံများ၏ ၆၅ ရာခိုင်နှုန်း တည်ဆောက်လည်ပတ်နေခြင်း(သို့မဟုတ်) ဒေသတွင်း အလုပ်အကိုင် ၆၀၀၀၀ ခန့် ဖန်တီးပေးနိုင်ခြင်း စသည့်အချက်များဖြင့် တိုင်းတာ၍ ပြည့်မီမှသာ အဆင့်အလိုက် ထပ်တိုးပေးသွားမည် ဖြစ်ပါသည်။

ယင်းအပြင် မြေငှားခအနေဖြင့်လည်း ပထမနှင့် ဒုတိယအဆင့်များ၌ တစ်စတုရန်း ကီလိုမီတာလျှင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ နှုန်းဖြင့်လည်းကောင်း၊ တတိယနှင့် နောက်ဆုံးအဆင့်များ၌ အမေရိကန် ဒေါ်လာ ၄ ဒသမ ၂၅ နှုန်းဖြင့်လည်းကောင်း သတ်မှတ်ဆောင်ရွက်ထားပါသည်။ အကယ်၍ အကြောင်းကြောင်းကြောင့် သတ်မှတ်ချိန်အတွင်း မြေဧရိယာ အကောင်အထည်ဖော်နိုင်မှု ၃၀ ရာခိုင်နှုန်းထက် လျော့နည်းနေလျှင် (သို့မဟုတ်)အလုပ်အကိုင် ဖန်တီးပေးနိုင်မှု ၂၈၀၀၀ ထက် လျော့နည်းနေလျှင် ခွင့်ပြုမြေအား ပြန်လည်သိမ်းယူနိုင်ရေး စီမံထားပြီး ဖြစ်ပါသည်။

ယခုအခါ အီတာလျံ-ထိုင်းစုပေါင်းကုမ္ပဏီအဖွဲ့နှင့် လုပ်ငန်းဆောင်ရွက်မည့် သဘောတူစာချုပ်များ (Concession Agreements) အပြီးသတ်ရေးဆွဲခြင်းကို အမြန်ပြီးစီးနိုင်ရေးနှင့် ကနဦးစီမံကိန်းလုပ်ငန်းများ အမြန်စတင်နိုင်ရေးအတွက် ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ကနဦးစီမံကိန်းလုပ်ငန်းများတွင်လည်း ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အတွက်လည်း ညှိနှိုင်းဆောင်ရွက်ထားရှိကြောင်း သိရှိရပါသည်။

### အီတာလျံ-ထိုင်းကုမ္ပဏီလီမိတက် ဆောင်ရွက်ပြီးစီးမှုများအတွက် တန်ဖိုးတွက်ချက်ခြင်း

တစ်ဖက်တွင်လည်း ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီလီမိတက်တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် မူဘောင်သဘောတူစာချုပ်အရ အီတာလျံ-ထိုင်း ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်ခဲ့သော လုပ်ငန်းများအား တန်ဖိုးတွက်ချက်ခြင်း (Due Diligence Assessment) အတွက် နိုင်ငံတကာအသိအမှတ်ပြု အဖွဲ့အစည်းဖြစ်သည့် Ernst & Young Corporate Services Limited (EY) အား ငှားရမ်း၍ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

### ထိုင်းအစိုးရသစ်မှ ဆက်လက်ဆောင်ရွက်သွားရန် သဘောတူ

ထိုသို့ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေမတည်ငြိမ်မှုနှင့်အတူ ထိုင်းနိုင်ငံအစိုးရ အပြောင်းအလဲများကြောင့် ပူးတွဲကော်မတီများအနေဖြင့် တွေ့ဆုံအစည်းအဝေးများ ဆက်လက်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိတော့ဘဲ လုပ်ငန်းအဖွဲ့ (Taskforce) တွေ့ဆုံမှုများသာ လုပ်ဆောင်နိုင်ခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ နိုင်ငံရေးအလှည့်အပြောင်း ပြန်လည်တည်ငြိမ်လာမှုနှင့်အတူ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၉ ရက်နှင့် ၁၀ ရက်များတွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော ထိုင်းနိုင်ငံဝန်ကြီးချုပ်အသစ်၏ ပထမဆုံးသော ခရီးစဉ်အတွင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် ပတ်သက်၍ ဖွဲ့စည်းထားပြီးဖြစ်သည့် ပူးတွဲကော်မတီများ၏ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

### လက်ရှိအခြေအနေ

တင်ပြပါအချက်များကို ထောက်ရှုပါက ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းသည် ကြံတိုင်းမအောင်နိုင်သေးဘဲ ဆောင်တိုင်းမမြောက်နိုင်သေးသည့် အခြေအနေတွင်သာ ရှိနေသေးဆဲဖြစ်ကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားလှခြင်းသည် နှစ်နိုင်ငံအစိုးရအပါအဝင် ဆက်စပ်လုပ်ဆောင်နေသည့် ကုမ္ပဏီများအပေါ် ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်နေသည်ဟု မိမိအနေဖြင့် ထင်မြင်မိပါသည်။

ယခုအခါတွင်မူ နိုင်ငံ့အကြီးအကဲဖြစ်သူ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က ဂျပန်နိုင်ငံအစိုးရ၏ အကြီးအကဲဖြစ်သူ ဝန်ကြီးချုပ်ထံ ယင်းစီမံကိန်းနှင့် ပတ်သက်၍ သီးသန့်ဆွေးနွေးခဲ့ရုံသာမက အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးတွင်ပင် တရားဝင် တိုက်တွန်းပြောကြားမှုများ ပြုလုပ်ခဲ့ရာ ယင်းစီမံကိန်း၏ အတိမ်အနက်နှင့် အလားအလာကို အာဆီယံဒေသတွင်းနိုင်ငံများနှင့် အာဆီယံမိတ်ဖက်ဂျပန်နိုင်ငံတို့အနေဖြင့် ကောင်းစွာ ထောက်ချင့်နိုင်မည်ဟု တွေးဆကြည့်မိပါသည်။

ဂျပန်နိုင်ငံကို ရင်းနှီးမြှုပ်နှံသူအဖြစ် စီမံကိန်းစတင်စဉ်ကတည်းက ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့ ဖိတ်ခေါ်ရခြင်းမှာလည်း ဂျပန်နိုင်ငံသည် တရုတ်နှင့် ဥရောပသမဂ္ဂ (EU) တို့ပြီးလျှင် အာဆီယံဒေသ၏ တတိယအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်နေခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန်တွင် အဓိကရင်းနှီးမြှုပ်နှံသူအဖြစ် ပါဝင်ဆောင်ရွက်နေခြင်း၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဒုတိယအများဆုံးနိုင်ငံဖြစ်နေပြီး ကုန်လွန်ခဲ့သည့် ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံခဲ့ခြင်း စသော အကြောင်းတရားများအပြင် ယင်းစီမံကိန်းကို ဂျပန်နိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် မဲခေါင်ဒေသနိုင်ငံများ၏ သွင်းကုန်/ထုတ်ကုန်များအတွက် အချက်အချာနေရာ တစ်ခုအဖြစ်နှင့် မဲခေါင်-အိန္ဒိယတောင်ဘက် စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အလားအလာကောင်းများ ရရှိနိုင်ခြင်း စသော အကျိုးတရားများကြောင့် နှစ်နိုင်ငံအကြား အကျိုးစီးပွားပိုမိုဖြစ်ထွန်းစေမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် စိတ်အားထက်သန်စွာ လက်ကမ်းဖိတ်ခေါ်ခဲ့ခြင်းဖြစ်မည်ဟု ထင်မြင်ယူဆမိပါသည်။

### ဖြစ်စေချင်စမ်းလှသည်

အမှန်စင်စစ် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းသည် နိုင်ငံတော်၏ အဂ္ဂမဟာစီမံကိန်းကြီးတစ်ခုဖြစ်သည်ဟု မှတ်ယူမိပါသည်။ မိမိအမြင်အရဆိုလျှင် နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ်ဖြစ်ပေါ်ရေးသည် နိုင်ငံတွင်းရှိ သယံဇာတများကို ထုတ်လုပ်နေရုံမျှဖြင့် မဖြစ်နိုင်ပါ။ သာဓကဆိုရလျှင် မိမိတို့နိုင်ငံ၏ ပေါများကြွယ်ဝလှသည်ဟုဆိုသော သဘာဝသယံဇာတ အရင်းအမြစ်များကို ထုတ်လုပ်အသုံးချနေရုံမျှဖြင့် ဆောင်ရွက်နေမှုသည် ပြည်သူပြည်သားတို့၏ ဝမ်းခါးလှရုံသာ ရှိနိုင်ပါသည်။ ယင်းမှာလည်း သယံဇာတဟူသည်က ကာလတစ်ခုရောက်ရှိပါက ကုန်ဆုံးသွားမည်သာ ဖြစ်ပါသည်။ နိုင်ငံအတွက် ရေရှည်စဉ်ဆက်မပြတ် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းရပ်များ၊ စီမံကိန်းများကို အမြော်အမြင်ကြီးမားစွာဖြင့် ဆောင်ရွက်ခြင်းကသာလျှင် တိုင်းပြည်နှင့် လူမျိုးအတွက် နိုင်ငံတကာနှင့် အဆင့်မီနိုင်ငံဖြစ်စေပြီး ပြည်သူပြည်သားများမှာလည်း ခေတ်နှင့်လျော်ညီစွာ လူတန်းစေ့နိုင်မည်ဟု ယူဆမိပါသည်။

ယခု မိမိတင်ပြခဲ့သည့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် ဆက်စပ်စီမံကိန်း အပါအဝင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း၊ ဆောင်ရွက်ဆဲဖြစ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းကဲ့သို့သော စီမံကိန်းများသည် နိုင်ငံတော်၏ အကျိုးစီးပွားကို ရေရှည်စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းနေမည့် လုပ်ငန်းရပ်များပင် ဖြစ်ပါသည်။

ယနေ့ ကမ္ဘာလုံးဆိုင်ရာ ယှက်နွယ်နီးနှောမှုများနှင့်အတူ နိုင်ငံများအကြား ကူးလူးဆက်ဆံနေကြပြီဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ယခင်တစ်ခေတ်ကလည်း ဝါးလုံးခေါင်းထဲ လသာခဲ့သဖြင့် တိုင်းပြည်ဆင်းရဲတွင်းထဲ ရောက်ခဲ့ဖူးပါပြီ။ မဝေးသေးသော အတိတ်တွင်လည်း အခြေအနေအရ ဖြစ်ပေါ်လာသည့် စနစ်ကြောင့် ကိုယ့်အားကိုယ်ကိုး၍ ပင်ပန်းတကြီး ရုန်းကန်ခဲ့ရဖူးပါပြီ။ ယခုအချိန်မှာတော့ ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူဆန္ဒကို အခြေပြုကာ ထီးလိုနန်းလို ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းနေကြရပြီဖြစ်ရာ ကမ္ဘာကမြန်မာကို နိုင်ငံတကာနည်းတူ အဆင့်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုစေချင်ပါပြီ။

### ထိုသို့ဖြစ်စေရန်မှာမူ

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအား စဉ်ဆက်မပြတ် ထိရောက်စွာ ထောက်ပံ့ပေးနိုင်မည့် အထူးစီးပွားရေးဇုန် စီမံကိန်းများကို တာဝန်ရှိသူအပေါင်းနှင့် ပါဝင်ပတ်သက်သူ ပြည်သူအပေါင်းတို့မှ အမြော်အမြင်ရှိရှိ ရှေ့ရေးနောင်ရေးကိုကြည့်ကာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားအားထုတ်ရင်း အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေဟု။ ။

**ယခုနိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်မည့် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းတည်ဆောက်နိုင်ခြင်းအားဖြင့် ဘင်္ဂလားပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်တို့အား ဆက်သွယ်ပေးနိုင်သည့် တံခါးပေါက်တစ်ခုဖြစ်လာမည်ဖြစ်ပြီး ကုန်စည်ပို့ဆောင်ထောက်ပံ့ရေးလမ်းကြောင်းကို အဆင်ပြေချောမွေ့စေမည်ဖြစ်ရာ မလက္ကာရေလမ်းကြောင်းကျပ်မှုကို အတိုင်းအတာတစ်ခုအထိ ကျော်လွှားနိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် အာဆီယံဒေသအတွင်း အကျိုးဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းကြီးဖြစ်. . .**



## BIDV ဘဏ်နှင့် SMIDB တို့အကြား ချေးငွေဆိုင်ရာသဘောတူညီမှု လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံမှ အသေးစားနှင့် အလတ်စား စက်မှုဘက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (SMIDB)နှင့် ဗီယက်နမ်နိုင်ငံမှ ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ် (BIDV) တို့၏ ပဏာမသဘောတူ ပူးပေါင်းဆောင်ရွက်မှု အမေရိကန်ဒေါ်လာ သန်း ၃၀ နှင့် BIDV Finance ကုမ္ပဏီမှတ်ပုံတင် ပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိလမ်းရှိ Lake Garden ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ ချေးငွေဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ရွှေနှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်ဘက်မှ ဗီယက်နမ်သံရုံး သံအမတ် မစ္စတာဝိန့်ထိုင်ဗိန်း၊ BIDV ဥက္ကဋ္ဌ မစ္စတာ ဂွန်ဘက်ခါ၊ BIDV အစည်းအရုံးမှ မစ္စတာဖန်ဒုတူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀ ချေးငှားခြင်းဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ သဘောတူညီမှု လက်မှတ်ရေးထိုးပြီးနောက် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး မြန်မာ့ရိုးရာဦးရွှေရိုးအကဖြင့်လည်းကောင်း၊ ဗီယက်နမ်ရိုးရာအကများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**ရာမည(ကြေးမုံ)**

## မြန်မာနိုင်ငံတွင် ပြည်ပသွင်းကုန်အစားထိုး အချိုရည်စက်ရုံတည်ဆောက်မည်

**ရန်ကုန် နိုဝင်ဘာ ၂၀**



မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်လျက်ရှိရာ ယခင်က POKKA အချိုရည်ကို ယခုအခါ မြန်မာနိုင်ငံ ရန်ကုန်မြို့၌ စက်ရုံတည်ဆောက်ကာ တိုက်ရိုက်ရောင်းချနိုင်ရန်အတွက် စီစဉ်နေပြီဖြစ်ကြောင်း Kaung Htet Myanmar ကုမ္ပဏီလီမိတက်မှ သိရသည်။

အဆိုပါ အချိုရည်စက်ရုံတည်ဆောက်ရန်အတွက် ပန္နက်ချခြင်းအခမ်းအနားအနေဖြင့် မြေကြီးတူးဖော်ခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီခွဲက စက်ရုံတည်ဆောက်ရန်နေရာဖြစ်သော မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ Yangon Industrial Zone(3) ၌ ပြုလုပ်ရာ Kaung Htet Myanmar ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ စင်ကာပူနိုင်ငံမှ Kaung Htet Myanmar ကုမ္ပဏီလီမိတက်၏ Partner များ တက်ရောက်ကြသည်။

"ကျွန်တော်တို့ POKKA အချိုရည်ဟာ မြန်မာနိုင်ငံအတွင်းဈေးကွက်မှာ အစကတည်းကရှိပြီးသားပါ။ ဈေးကွက်ဖြစ်လာတာနဲ့အတူ မြန်မာနိုင်ငံမှာ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံပြီး ဈေးကွက်အတွင်း အမြန်ဆုံးနေရာရအောင် စက်ရုံတည်ဆောက်ဖို့လုပ်နေတာပါ။ ဒီနေ့ကစပြီး စက်ရုံတည်ဆောက်ကာလကတော့ နှစ်နှစ်လောက်ကြာပါမယ်။ ကျွန်တော်တို့အနေနဲ့ လာမယ့် ၂၀၁၅ ခုနှစ်ကုန်ခါနီးမှာ စက်ရုံကို အပြီးတည်ဆောက်မယ်လို့မျှော်လင့်ပြီးတော့ ၂၀၁၅ ခုနှစ်အကုန်မှာတော့ မြန်မာနိုင်ငံမှာ စတင်ထုတ်လုပ်ပြီး ရောင်းချနိုင်ဖို့ စီစဉ်ထားပါတယ်" ဟု ဒါရိုက်တာ ဦးမင်းဗညားစန်ကဆိုသည်။

အဆိုပါ အချိုရည်အား ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရ၏ တရားဝင်ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လက်ရှိအနေအထားအရ POKKA အချိုရည်မှာ ပြည်ပနိုင်ငံများမှ တင်သွင်းနေရခြင်းကြောင့် အခွန်အခမြင့်မားနေခြင်းနှင့် ရောင်းချမှုဈေးနှုန်း မြင့်မားမှုကြောင့် ပြည်တွင်းသုံးစွဲသူများ နည်းပါးနေသေးကြောင်း၊ ထို့အတွက်ကြောင့် မြန်မာနိုင်ငံတွင် စက်ရုံတည်ဆောက်ပြီးစီးပါက တိုက်ရိုက်ရောင်းချမည်ဖြစ်သဖြင့် ဈေးနှုန်းချိုသာလာမည်ဖြစ်ကြောင်း။ ပြည်တွင်းအလုပ်လုပ်ကိုင်လိုသူများအတွက်လည်း အခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်း၊ ထို့အပြင် အချိုရည်စက်ရုံတည်ဆောက်ပြီးစီးပါက တစ်လလျှင် အချိုရည်ပါကင်နှစ်သိန်းထိ ထုတ်လုပ်ရောင်းချရန်စီစဉ်ထားကြောင်းသိရသည်။

**(သတင်း-စိုးဝင်း(ကြေးမုံ)၊ ဓာတ်ပုံ-ဇာဏီ)**



**ဩစတြေးလျ နိုင်ငံ Myanmar Eye Care Programme မှ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ မျက်စိအတွင်းတိမ် လူနာ ၃၀၀၀ ဒုတိယအသုတ် ခွဲစိတ်ကုသပေးရန် ပဉ္စမအကြိမ် အလှူငွေကျပ်သိန်း ၂၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ကြေးမုံ)**



# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**လှိုင်လင် နိုဝင်ဘာ ၂၀**

လှိုင်လင်ခရိုင် မှုခင်းအကူဌာနမှ ရဲအုပ်တင်စိုးနှင့် ပူးပေါင်းအဖွဲ့သည် ပင်လုံနယ်မြေရဲစခန်း၏ မယ(ပ)၃၂/၁၄၊ မူး/စိတ် ၁၅/၁၆(ဂ)/၂၁ အမှုမှ ရီစောဖန်၏ ထွက်ဆိုချက်အရ ပင်လုံမြို့ ရပ်ကွက်(၃) ကံ့ကော်လမ်း လျှောင်ဖင်ချမ်းနေအိမ်သို့ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်း ခုတင်အောက်မှ အရှည်နှစ်လက်မခန့်ရှိ အဖြူရောင်ပလတ်စတစ်ကော်ဘူးအတွင်းထည့်ထားသော ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့် ၂ ဒသမ ၀၄ ဂရမ်ခန့်ပါ ကော်ဘူးတစ်ဘူး၊ အိပ်ခန်းအတွင်းရှိ နှစ်ပေမီးချောင်းချုပ်အိမ်အတွင်း အပြာရောင်ကပ်ခွာအိတ်နှစ်လုံးဖြင့် လျှို့ဝှက်သိမ်းထားသောစိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသော WY စာတန်းပါ လိမ္မော်ရောင်ဆေးပြား ၂၁၂ ပြား (အလေးချိန် ၂၁ ဒသမ ၂ ဂရမ်ခန့်)နှင့် နေအိမ်ရှေ့အိမ်ဝင်းအတွင်း ရပ်ထားသော NEW AIBO အနက်ရောင် ၁၂၅ ဆိုင်ကယ်တူးဘောက်အတွင်း အစိမ်းရောင်ဆပ်ပြာဘူးဖြင့်ထည့်ထားသော ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့် ၁၄ ဒသမ ၂၈ ဂရမ်ပါ အထုပ်တစ်ထုပ်၊ အရှည်လေးလက်မခန့်ရှိ ပလတ်စတစ်ကော်ဘူးဖြင့်ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသည့် အဖြူရောင် အမှုန့် ၆ ဒသမ ၁၂ ဂရမ်ခန့်ပါဘူး တစ်ဘူး၊ အရှည်သုံးလက်မခွဲခန့်ရှိပလတ်စတစ်ကော်ဘူးဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် ၂ ဒသမ ၀၄ ဂရမ်ခန့်ပါဘူး တစ်ဘူး၊ အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ် ငါးအိတ်ဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသော WY စာတန်းပါ လိမ္မော်ရောင်ဆေးပြား ၉၈၅ ပြား (အလေးချိန် ၉၈ ဒသမ ၅ ဂရမ်ခန့်)၊ ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် စုစုပေါင်း ၂၄ ဒသမ ၄၈ ဂရမ် (ကာလတန်ဖိုးကျပ် ၃၆၄၀၀၀) နှင့် စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသော WY စာတန်းပါ လိမ္မော်ရောင် ဆေးပြား ၁၁၉၇ ပြား (အလေးချိန် ၁၁၉ ဒသမ ၇ ဂရမ်ခန့်) ကာလတန်ဖိုးကျပ် ၄၇၈၈၀၀၀ တို့အား သိမ်းဆည်းရမိကြောင်း သိရသည်။

**ဝင်းမင်းသန်း(IPRD)**



# သစ်လုံးသယ်မော်တော်ယာဉ်သံကြိုးပြတ်၍ သစ်လုံးများပြုတ်ကျကာ အခြားယာဉ်ပေါ်ပိကျ

**မိတ္ထီလာ နိုဝင်ဘာ ၂၀**

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၃၆/၀) အနီးတွင် နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်က သစ်လုံးသယ်မော်တော်ယာဉ်မှာ သံကြိုးပြတ်၍ သစ်လုံးများပြုတ်ကျကာ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာမြို့ တောင်ဘက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၃၆/၀) အနီးတွင် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ဇော်ဇော်အောင် (၃၃)နှစ် အမှတ်(၉) ရပ်ကွက် လပွတ္တာမြို့နေသူ မောင်းနှင်သည့် ယူဒီ အမျိုးအစား အနက်ရောင် ၂၂ ဘီး မော်တော်ယာဉ် အမှတ် ၆ဂ/. . . ပေါ်တွင် တင်ဆောင်လာသော သစ်လုံးတန်ချိန် ၁၆ တန်ခွဲအား ချည်နှောင်ထားသည့် သံကြိုးပြတ်၍ ကားလမ်းဝဲဘက်ခြမ်းသို့ သစ်လုံးများပြုတ်ကျပြီး တိမ်းမှောက်စဉ် အဆိုပါလမ်းအတိုင်း ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှ ရဲအုပ်ကြည်ရှိန် မောင်းနှင်သည့် ဟာရီယာအမျိုးအစား အနက်ရောင် မော်တော်ယာဉ်အမှတ် 3D/. . . . ပေါ်သို့ သစ်လုံးသုံးလုံး ပိကျခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ရဲအုပ်ကြည်ရှိန်၊ ဇော်ဇော်အောင်နှင့် သစ်လုံးကားပေါ်တွင် လိုက်ပါလာသူ မခင်မြတ်ချို (၃၁)နှစ်၊ မောင်သူထက်နိုင်(၆)နှစ် တို့မှာ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

**(၁၄၇)**

# ပဲခူး-ရန်ကုန် မီနီဘတ်စ်ယာဉ် လမ်းလယ်ကျွန်းပေါ်တက်

**ပဲခူး နိုဝင်ဘာ ၂၀**

ပဲခူးမြို့ အမှတ်(၃)ရဲစခန်းနယ်မြေ၌ နိုဝင်ဘာ ၁၉ ရက် ညနေ ၃ နာရီ ၃၅ မိနစ်အတွင်း ရန်ကုန်မှ မောင်းနှင်လာသော ပဲခူး-ရန်ကုန်ယာဉ်အမှတ် 5G/. . . ရွှေပြည့်စုံ မီနီဘတ်စ်ခရီးသည်ယာဉ်မှာ ပဲခူး-ရန်ကုန် လမ်းလယ်ကျွန်း အမှတ်(၁၆၈)အနီး လမ်းလယ်ကျွန်းပေါ်တက်ရောက်ခဲ့ကာ ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**(၅၈၇)**



# ကားကိုကျော်တက်စဉ် ကားနှင့်ချိတ်မိရာမှ ဆိုင်ကယ်မောင်းနှင်သူသေဆုံး

**မြိတ် နိုဝင်ဘာ ၂၀**

မြိတ်မြို့ ကန်ဖျားနယ်မြေ ကန်ဖျားရပ်ကွက် ကန်ဖျားလမ်းမကြီး အင်းဝမင်္ဂလာခန်းမအနီး စမိုင်းလ်စတိုးဆိုင်ရှေ့၌ နိုဝင်ဘာ ၁၇ ရက် နံနက် ၈ နာရီတွင် ကန်ဖျားလမ်းမကြီးအတိုင်း မြောက်မှတောင်သို့ ကိုတင်မိုးလွင် (၄၃) နှစ် ဆန်ချီရပ်ကွက် ထားဝယ်မြို့နေသူ မောင်းနှင်လာသော 7G. . . TOYOTA အမျိုးအစား အဖြူရောင်ယာဉ်သည် ဖြတ်မျဉ်းမရှိသော မျဉ်းဖြူတားထားသည့်ယာဉ်ကြော၏ လမ်းဘက်ခြမ်းသို့ ချိုးကွေ့စဉ် ယင်းကားနောက်မှ ဦးမြင့်စိုး (ခ) ဘန်းဆန် (၅၂)နှစ် ကန်ဖျားရပ်ကွက် ကန်ဖျားနယ်မြေ မြိတ်မြို့နေသူ မောင်းနှင်လာသော Super Cup 90 အမျိုးအစား ရွှေအိုရောင် ဆိုင်ကယ်က ကားအားကျော်တက်ရာမှ ကားခေါင်း ဝဲဘက်ခြမ်းနှင့် တိုက်မိခဲ့ပြီး ဆိုင်ကယ်မောင်းနှင်လာသူ မြင့်စိုး(ခ)ဘန်းဆန်တွင် ယာဘက်ချိုစောင်းဖူးရောင်၊ ယာဘက်မျက်လုံးဖူးရောင်၊ ယာဘက်မျက်ခုံး စုတ်ပြဲဒဏ်ရာအပြင်းအထန် ရရှိခဲ့သဖြင့် မြိတ်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရာ နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ဟွေရဲပူးပေါင်းစစ်ဆေးရေးစခန်း၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**တာချီလိတ် နိုဝင်ဘာ ၂၀**

မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်စိုင်းနော်ဟိန်း ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က တာချီလိတ်မြို့ ဝမ်လုံးအုပ်စု ဟွေရဲပူးပေါင်းစစ်ဆေးရေး စခန်းတွင် တာချီလိတ်ဘက်မှ မိုင်းဆတ်ဘက်သို့ ကျထီး မောင်းနှင်ပြီး ဒါရေလလိုက်ပါလာသည့် နံပါတ်မပါ Vigo အမျိုးအစား ခဲရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ကျထီးဝတ်ဆင်ထားသော မီးခိုးရောင် အတွင်းခံဘောင်းဘီအတွင်းမှ အပြာရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော WY စာတန်းပါ အညိုရောင် စိတ်ကြွဆေးပြား ၁၁၄ ပြား တစ်ထုတ်နှင့် အဖြူရောင် ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ခြောက်ပြားပါတစ်ထုတ် စုစုပေါင်း ၁၂၀ ပြား (အလေးချိန် ၁၂ ဂရမ်) ကာလတန်ဖိုးကျပ် ၃၀၀၀၀၀ အား ရှာဖွေတွေ့ရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**




# မင်းတုန်းမင်းလှူဒါန်းခဲ့သော မန္တလေး သုဓမ္မာပေါင်းကူး စနုဆောင်နှစ်ဆောင်အား ကျောက်တော်ကြီးဘုရားအရှေ့ဘက်မုခ်တွင် အသစ်ပြန်လည်တည်ဆောက်နေ



**မန္တလေး၊ နိုဝင်ဘာ ၂၀**

လွန်ခဲ့သည့် သက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးတည်ဆောက်လှူဒါန်းခဲ့သည့် မန္တလေးမြို့တည်နန်းတည် သတ္တဌာနအဆောင်တော်များတွင် အပါအဝင်ဖြစ်သော သုဓမ္မာပေါင်းကူးစနုဆောင်နှစ်ဆောင်အား မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရားအရှေ့ဘက်မုခ်တွင် အသစ်ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါပေါင်းကူးဆောင်နှစ်ဆောင်အား မန္တလေးမြို့ မန်းမြေရာဇာကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ သုဓမ္မာဒေါက်တာဦးကျော်ဝင်းနှင့် သုဓမ္မာသီဂီ ဒေါ်မြင့်မြင့်သန်း မိသားစုတို့မှ အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး မင်းတုန်းမင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သည့် သတ္တဌာနအဆောက်အအုံအားလုံးကို ပြန်လည်ဖော်ထုတ် ဂုဏ်ပြုလိုခြင်းနှင့် မျိုးဆက်သစ်လူငယ်များ မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်များကို သိရှိတန်ဖိုးထားတတ်စေရန် ရည်ရွယ်ချက်များဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း အလှူရှင်ဦးကျော်ဝင်းက ပြောသည်။

“ဒီပေါင်းကူးစနုဆောင်တွေကို တည်ဆောက်ဖို့အခက်အခဲတွေ အများကြီးရှိခဲ့ပေမယ့် ရှေးကရှိခဲ့တဲ့ ဘာသာရေးနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ပြန်လည်ဖော်ထုတ်ခွင့်ရတဲ့အတွက် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးနဲ့ ကိုယ့်မိသားစုအတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီကုသိုလ်ကြီးဟာ မန္တလေးမြို့တော်ကြီးနဲ့ အတူတည်ရှိနေမယ့် ထာဝရကုသိုလ်ကြီးပါပဲ” ဟု ၎င်းက ပြောသည်။

ယခုအခါ ကျောက်တော်ကြီးဘုရားအရှေ့ဘက်မုခ်တွင် တည်ဆောက်မှုပြီးစီးလုနီးပါးဖြစ်နေသည့် မဟာပဌာန်း ဟောရွှေသိမ်တော်နှင့် သုဓမ္မာဇရပ်တော်တို့ကို ဆက်သွယ်သည့် ပေါင်းကူးစနုဆောင်နှစ်ဆောင်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ စတင်ဆောက်လုပ်နေပြီး လာမည့် ဒီဇင်ဘာနောက်ဆုံးပတ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလှူရှင်မိသားစုသည် မန္တလေးမြို့တည်နန်းတည် သတ္တဌာနများအနက် ပျက်စီးပျောက်ကွယ်သွားသည့် ပိဋကတ်တိုက်တော်ကြီး၊ မဟာပဌာန်း ဟောရွှေသိမ်တော်ကြီး၊ သုဓမ္မာကျောင်းတော်ကြီး၊ သုဓမ္မာဇရပ်တော်ကြီး၊ ဗောဓိပင်နှင့်ရွှေပလ္လင်၊ သုဓမ္မာပေါင်းကူးစနုဆောင်တို့အပြင် ယခင်ကတည်းက မရှိခဲ့ဘူးသော မင်းတုန်းမင်းပြတိုက်၊ မုခ်ဦးများ၊ သာသနာတော်စောင့် နတ်မင်းကြီးလေးပါး ရုပ်တု၊ ယက္ခဂုမ္ဘန်ရုပ်တုများကို ထပ်မံတည်ဆောက် လှူဒါန်းခဲ့သည်။

အဆောင်များအားလုံးကို သံပန်းသံတံခါးများဖြင့် ကာရံတပ်ဆင်ကာ ပန်းဥယျာဉ်တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်တည်ဆောက်လှူဒါန်းနေပြီး လုပ်ငန်းများအားလုံးကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင်အပြီးဆောင်ရွက်ကာ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရေစက်ချလှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## ပွင့်ဖြူမြို့နယ်တွင် ပုလဲသွယ်မျိုးစပါးခင်းများ ဝတ်မှုန်ကူးပွဲတော်ကျင်းပ

**ပွင့်ဖြူ၊ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ ပွင့်ဖြူမျိုးသန့်ခြံစိုက်ကွင်း၌ နိုဝင်ဘာ ၁၅ ရက်က မိုးရာသီ၌ စိုက်ပျိုးခဲ့သော ပုလဲသွယ်စပါးစိုက်ခင်း ဧက ၂၀ ကျော်ကို ၂၀၁၅ ခုနှစ် မိုးရာသီ၌ ပုလဲသွယ်စပါးမျိုးကောင်းမျိုးသန့် အလုံအလောက်ရရှိရေးအတွက် ဝတ်မှုန်ကူးပွဲတော်ကျင်းပခဲ့ကြောင်း သိရသည်။

ယခုအခါများတွင် စိုက်ပျိုးရေးနည်းပညာများ တိုးတက်မြင့်မားလာပြီဖြစ်၍ အေးမြသော ဆောင်းရာသီကူးပြောင်းလာချိန်၌ စပ်မျိုးပုလဲသွယ်မျိုးစပါးများ အထွက်နှုန်းတိုးပွားနိုင်စေရန် ဝတ်မှုန်ကူးပွဲတော်များ ကျင်းပပေးလျက်ရှိသည်။

ယင်းဝတ်မှုန်ကူးပွဲတော်တွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်ဝင်းတို့က ပုလဲသွယ်စပါးမျိုးစေ့ထုတ်လုပ်အသုံးပြုရေးနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ စိုက်ကွင်းတာဝန်ခံ ဒုဦးစီးမှူး ဦးအောင်မြင့်ဆန်းက နိုင်ငံ၏ အဓိကစားနပ်ရိက္ခာဖြစ်သော စပ်မျိုးပုလဲသွယ်မျိုးစပါးကို နေပြည်တော်တွင်စိုက်ပျိုးသကဲ့သို့ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမျိုးသန့်ခြံတွင် တောင်သူများ စပါးမျိုးကောင်းမျိုးသန့် အလုံအလောက်ရရှိစေရေး ဧက ၂၀ ကျော်စိုက်ပျိုးလျက်ရှိကြောင်း၊ တစ်ဧကလျှင် စပါးမျိုးသန့်တင်း ၁၅၀ ကျော်ထွက်ရှိနိုင်မည်ဖြစ်ကြောင်းနှင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

၎င်းဝတ်မှုန်ကူးပွဲတော်တွင် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မင်းဘူးခရိုင်များမှ စိုက်ပျိုးရေးပညာပေးဝန်ထမ်းဦးရေ ၁၅၀ တို့က မျိုးစေ့စိုက်ခင်းအတွင်း လက်တွေ့ဝတ်မှုန်ကူးလေ့လာပြီး မျိုးစေ့စိုက်ခင်းအတွင်းမှ အဖိုမျိုး၊ အမမျိုး စပါးပင်များဖြစ်ထွန်းအောင်မြင်မှုကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် သဘာဝမြေဆီမြေသြဇာကောင်းမွန်ပြီး စိုက်ပျိုးရေးကိုအခြေပြုသောနိုင်ငံဖြစ်၍ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို မိရိုးဖလာကျွဲနွားများဖြင့် လုပ်ကိုင်လေ့ရှိကြသည်။

နိုင်ငံတော်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လက်မှုလယ်ယာလုပ်ငန်းမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလုပ်ကိုင်နိုင်ရန်အတွက် ကူညီပံ့ပိုးမှုများရှိသည့်အပြင် ယခုအခါ ကျေးလက်ဒေသနေ တောင်သူများ စပါးမျိုးကောင်းမျိုးသန့် အလုံအလောက်ရရှိရေး၊ ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်ငန်းများ ပေါ်ပေါက်လာစေရေး၊ စပါးအထွက်နှုန်း တိုးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ဇွဲထက်ရှင်**

---

## ပျဉ်းမနားမြို့၌ ကျေးရွာများအရောက်ကွင်းဆင်း၍ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေး

**နေပြည်တော်၊ နိုဝင်ဘာ ၂၀**

နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါ်သင်းသင်းဇင်သည် ပျဉ်းမနားမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်အေးအေးခိုင်နှင့် ဝန်ထမ်းများနှင့် အတူနိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်၊သစ်လေးလုံးကျေးရွာနှင့်နတ်သူရဲကျေးရွာများသို့သွားရောက်၍ကျေးရွာနေသူများအား ရွေ့လျားစာကြည့်တိုက်အနေဖြင့် စာအုပ်စာစောင်များကို အခမဲ့ငှားရမ်းပေးခဲ့ကြကြောင်းသိရသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးရွာများသို့ အပတ်စဉ်အလှည့်ကျကွင်းဆင်း၍ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ပြည်သူများလက်ဝယ်အရောက် စာအုပ်များကို ငှားရမ်းပေးနေလျက်ရှိသည်။

အဆိုပါရွေ့လျားစာကြည့်တိုက်တွင် သုတ၊ ရသ စာအုပ်စာစောင် ၃၀၀ ကျော်ပါရှိပြီး ကျေးလက်နေပြည်သူများ ငှားရမ်းဖတ်ရှုလိုသည့် သုတ၊ ရသ စာအုပ်စာစောင် ၁၀၀ ကျော်ကို ငှားရမ်းပေးကာ ငှားရမ်းပေးခဲ့သည့် စာအုပ်များကို ရက်သတ္တပတ်ပြည့်လျှင် စာအုပ်အသစ်များဖြင့် လဲလှယ်ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေကုက္ကို**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ်(၂၃၁/က)၊ မြေကွက်တည်နေရာအမှတ်(မ-၂၃၁/က)၊ မေတ္တာလမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သဃ်န်းကျွန်း ဦးအောင်မြင့် [၁၂/သဃက(နိုင်)၀၂၈၀၃၅]၊ ဒေါ်ခင်မြအေး[၁၂/သဃက(နိုင်)၀၂၈၂၃၀]အမည်ပေါက် နှစ် (၆၀)ဂရန်မြေ အား အမည်ပေါက်(၁)ဦးဖြစ်သူ ဦးအောင်မြင့် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်(၁)ဦးဖြစ်သူ ဒေါ်ခင်မြ အေး[၁၂/သဃက(နိုင်)၀၂၈၂၃၀]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၁၃၀၂)၊ မြေကွက်တည်နေရာအမှတ်(၁၃၀၂)၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (ဦးတင်ယု AA-057198) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ယုကွယ်လွန်သဖြင့် ဒေါ်အမာကြည် [၁၂/တမန(နိုင်)၀၂၅၄၀၈]မှ တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်း တင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၈၃၂၀(၂၀-၁၀-၁၄)ဖြင့်ရရှိသူ ဒေါ်သင်း သင်းမော်[၇/ညလပ(နိုင်)၁၅၆၁၀၉]မှ ပါဝါပေးသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်-(၄၅၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၅၀)၊ မာဃ(၁၅)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဦးကျော်ဝင်း အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း) ဦးကျော်ဝင်း ကွယ်လွန်သဖြင့် ဒေါ်မြင့်စိန် [၁၂/ဥကတ(နိုင်)၁၁၈၈၆၄]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းကိုယ်စား GP အမှတ်(၂၄၆၉၈/၈-၉-၁၄) ဖြင့်ရသူ ဒေါ်နှင်းဝေအောင်မှ ပါဝါမရုပ်သိမ်းသေးကြောင်း ကျိမ်းကျိန်လွှာ အမှတ်(၄၈၈/၁၄)ကိုတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ မြေကွက်အမှတ်(၁၇၁)၊ မြေကွက်တည်နေရာအမှတ်(၁၇၁)၊ ရွှေနှင်းဆီ(၄)လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်(ဦးထွန်းဝင်း AE-၂၅၁၉၃၄) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းဝင်း ကွယ်လွန်သဖြင့် ဒေါ်ခင်နု[၁၂/မရက(နိုင်)၀၂၇၁၈၃]က တရားဝင် တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ဒီ၊ မြေကွက်အမှတ် ၃၈/၃စီ၊ မြေကွက်တည်နေရာအမှတ် ၈၀ဘီ၊ ဆရာစံလမ်းသွယ်၊ ဦးစိန်မောင်ဝင့် အမည်ပေါက်ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက်(ခင်ပွန်း) ဦးစိန်မောင်ဝင့် ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်လှ [၁၂/အစန(နိုင်)၁၅၅၀၅၁]က တရားဝင်(ဇနီး)တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၅၉၂/၂၂-၄-၁၄ရသူ ဦးထင်အောင်ဝင့်[၁၂/အစန(နိုင်)၁၆၁၉၄၀] မှ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လာခြင်းမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/A)၊ မြေကွက်အမှတ်(၆၆/A)၊ မြေကွက်တည်နေရာအမှတ်(၁၅)၊ ရှမ်းကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ (မောင်ဘ၊ မရွှေ) အမည်ပေါက်မြေပိုင်မြေ၊ ၃(က)ရပြီးမြေအား အမည်ပေါက် မောင်ဘ၊ မရွှေတို့၏ တစ်ဦးတည်းသောသမီး ဒေါ်အုန်းမေ ကွယ်လွန်၊ သမက်ဖြစ်သူ ဦးလှကြီးကွယ်လွန် တစ်ဦးတည်းသောမြေးဖြစ်သူဒေါ်ရိုစီမြမြ ကွယ်လွန်၊ သဖြင့် ဦးကျော်လှိုင်[၁၂/အစန(နိုင်)၀၂၇၃၄၄] မှ မြေးသမက်တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်+အရောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၄၄)၊ မြေကွက်အမှတ်(၆၄၃)၊ မြေကွက်တည်နေရာအမှတ်(၆၄၃)၊ မင်းရဲကျော်စွာလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်နေ ဒေါ်သန်းချစ်[ARE-၀၆၅၆၈၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းချစ်မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရာ ကန့်ကွက်သူမရှိပါသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဒေါ်သန်းချစ် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် ဂရန်မူရင်းအား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ မြေကွက်အမှတ် (၁၅၈/က)၊ မြေကွက်တည်နေရာအမှတ်(၁၅၈/က)၊ ဘုရင့်နောင့်လမ်းမကြီး၊ (၅/၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ [ဦးစိုးညွန့်(ခ)ဦးသက်လွင်] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးစိုးညွန့်(ခ)ဦးသက်လွင် (CE-109557) ကွယ်လွန်သဖြင့် ဇနီးနှင့်သားများဖြစ်ကြသော ၁။ ဒေါ်လှရွှေ [၁၂/ရပသ(နိုင်)၀၃၅၇၈၂]၊ ၂။ ဦးထွန်းထွန်းလွင် [၁၂/ရပသ(နိုင်)၀၃၇၂၂၇]၊ ၃။ ဦးရဲထွန်းလွင် [၁၂/ရပသ(နိုင်)၀၃၆၁၂၆]၊ ၄။ဦးညီညီလွင်[၁၂/ရပသ(နိုင်) ၀၃၇၂၂၅]တို့က အမည်ပေါက် သေစာရင်း၊ တရားဝင်ဇနီးနှင့် သားများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ F)၊ မြေကွက်အမှတ်-၁၀၀အေ/၂ဘီ+၁၀၀A/၂စီ၁၊ မြေကွက်တည်နေရာအမှတ်(၈၂)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ဗိုလ်မှူးကြီးသာဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ခင်ပွန်း) ဗိုလ်မှူးကြီးသာဝင်း ကွယ်လွန်သဖြင့် ဒေါ်မြမြယဉ် [၆/ထဝန(နိုင်)၀၀၄၄၈၈]က တရားဝင် (ဇနီး)တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၀၄၈/၁၈-၁၀-၁၃ ရသူ ဒေါ်အိစန္ဒာဝင်း [၆/ထဝန(နိုင်)၀၀၄၄၉၁] မှ Power မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတင်းဆောင်းပါး

# မြောက်ဦးမှ ငြိမ်သက်နေတဲ့ ချွေးစက်များ

à cifvD



မြောက်ဦးမြို့ကို နောက်ခံထားပြီး ရေရရှိဖို့အတွက် အဝေးတစ်နေရာအထိ ရေခပ်နေရသော အရွယ်သုံးပါး မိန်းမသား၊ ကလေးတို့ဘဝတွေကို ဖော်ကျူး ရေးဆွဲထားသော ပန်းချီဆရာ ကိုသန်းကျော်ဌေး ရေးသည့် Silent Sweat (ငြိမ်သက်နေသောချွေးစက်များ) ပန်းချီပြပွဲကို နိုဝင်ဘာ ၁၅ ရက်က River Gallery တွင် ပြုလုပ်ခဲ့သည်။

ကိုသန်းကျော်ဌေးက ပွဲပြုလုပ်ဖြစ်သွားပုံနဲ့ ပတ်သက်ပြီး "ကျွန်တော်က စစ်တွေကဆိုတော့ ရခိုင်မှာရေရှားတာ ကျွန်တော်သိတယ်။ ကျွန်တော်ငယ်ငယ်တုန်းက အိမ်မှာရေရရှိဖို့ အမေ့ကိုကူပြီး ရေအိုးတွေရွက်ခဲ့ဖူးတယ်။ ၂၅ နှစ်သာ အချိန်တွေကုန်သွားတယ်။ ဘာမှမပြောင်းလဲဘဲ အခုထိ ရေထမ်းပြီး သုံးနေရတုန်း။ မြောက်ဦးကို ကျွန်တော်ရောက်တော့လည်း ယောက်ျားတွေ အပြင်ထွက်စီးပွားရှာချိန်မှာ ရေရဖို့အတွက် နေ့စဉ်နေ့တိုင်း မိန်းမတွေက ကလေးတွေကိုခေါ်ပြီး ဝေးလံလှတဲ့ ရေရှိမယ့်ရေတွင်းတွေဆီ နေဝင်မိုးချုပ်ထိ အခေါက်ပေါင်းမရေတွက်နိုင်အောင် လမ်းလျှောက်ပြီး ရေကို ခပ်ယူသယ်နေရတယ်။ ပူပြင်းလှတဲ့ရာသီမှာ ရေကြည်တစ်ပေါက်သောက်ရဖို့အတွက် သူတို့တွေရဲ့ ချွေးစက်တွေ အများကြီးကျပြီး ခြိုးခြံစွာသုံးစွဲကြရတယ်။

"အဲဒါကို ဗွီဒီယို ရိုက်ထားပြီး ကျွန်တော်ကြည့်နေခဲ့တယ်။ အများသိအောင် ပန်းချီရေးပြချင်လာတယ်။ ပြန်လာတော့ ကျွန်တော်အဲ့ဒီရေခပ်တဲ့ အိုးလေးတွေကို သယ်လာတယ်။ ရှေးဟောင်း မြောက်ဦးဘုရားတွေကိုနောက်ခံထားရေးဖြစ်တာက ရခိုင်လူမျိုးတို့ရဲ့ နှလုံးသားက မြောက်ဦးမို့ပါ။ မြင်တွေ့ခဲ့တဲ့အတိုင်း ရေအိုးကိုယ်စီရွက်သူရွက်၊ ပိုက်သူပိုက်နဲ့ တစ်နေ့တာရေရရှိဖို့အရေး ဝေးလံစွာ သွားရတဲ့ ကလေးနှင့် မိန်းမသားတို့ နေဝင်မိုးချုပ်ထိ ရေခပ်နေရတဲ့ဟန်ကို နောက်ခံအရောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးနဲ့ ရေးခဲ့တယ်။

"၃၁ ကားရေးဖြစ်ခဲ့ပေမယ့် ပြပွဲမှာ တကယ်ပြဖြစ်တာက ၂၆ ကားပါ။ ရေအိုးရွက်တာကို ရေးမယ်ဆိုရင် အညာမှာလဲ ရေရှားတော့ ရေခပ်ရတာပဲ။ တချို့နေရာတွေမှာ ဘုံပိုင်ခေါင်းဖွင့်လိုက်ရင် ရေတွေထွက်လာပေမယ့်။ မြန်မာနိုင်ငံ အနှံ့အပြားမှာလည်း တချို့ရေမရရှိသေးတဲ့ နေရာတွေရှိပါတယ်။ ပြပွဲကပုံတွေကိုကြည့်ပြီး သနားစရာကောင်းလိုက်တာလို့ မြင်စေချင်တာမဟုတ်ပါဘူး။ ငါတို့တွေကတော့ ရေကိုဖောဖောသီသီ သုံးနေရတယ်။ အခုလိုရေကို ခက်ခက်ခဲခဲ ရယူနေရတဲ့ ရခိုင်အပါအဝင် တခြားနယ်တွေ အတွက် ဘာများလုပ်ပေးနိုင်မလဲဆိုတဲ့ အသိလေး ပေးချင်နေတာပါ။

"ပြပွဲနာမည်ကို ငြိမ်သက်နေသော ချွေးစက်များလို့ ပေးဖြစ်ခဲ့တာက ရေတစ်ပေါက်သောက်ရဖို့အတွက် ဘယ်လောက်တောင် ချွေးစက်တွေ ကျခဲ့ရလဲဆိုတာ ဘယ်သူမှ မသိနိုင်ဘဲ တိုးတိတ်စွာ၊ ငြိမ်သက်စွာ ရှိနေတယ်ဆိုတာ ပြောချင်လို့ပါ။ ကျွန်တော့ပန်းချီကားတွေရောင်းခဲ့ရရင် ရောင်းရငွေကို ရေရရှိဖို့အတွက် အတိုင်းအတာတစ်ခုထိ ကျွန်တော်လှူမှာပါ" ဟု သူ့ရဲ့ရင်တွင်းခံစားချက်လေးကို ပြောပြခဲ့သည်။

ပြပွဲကို လာရောက်ကြည့်ရှုသူတစ်ဦးက ပြပွဲပုံတွေကို ကြည့်ပြီး "ကျွန်တော် ရေနည်းနည်းငတ်လာတယ်။ ကျွန်တော်က ဓာတ်ပုံဆရာတစ်ယောက်ပါ။ သူရေးတဲ့ ပုံတွေက အရမ်းစိတ်လှုပ်ရှားဖို့ ကောင်းတယ်။ ပိန်ချုံးနေတဲ့ အိုးတွေက ပိုပြီး စိတ်ဝင်စားဖို့ကောင်းတယ်။ပြီးတော့ ပြပွဲကကားတွေက အပူရောင်တွေသုံးပြီး ဆေးခြယ်ထားပေမယ့်လည်း ဟိုးအပြင်ကဘဝတွေက ပိုပူတယ်ဆိုတာ ကျွန်တော်မြောက်ဦးရောက်ဖူးလို့ သိခဲ့ပါတယ်" ဟု ပြောပြခဲ့သည်။

အဆိုပါပြပွဲသို့ လာရောက်ကြည့်ရှုသူ အီတလီနိုင်ငံသား သောမက်စ်က "မြန်မာနိုင်ငံက လှပခြင်းတရားတွေ ပြည့်နှက်နေတဲ့ နေရာတစ်ခုပါ။ သဘာဝအလှတရားကို နောက်ခံထားတဲ့ မြန်မာ့ပန်းချီကားတွေကို နှစ်သက်ပါတယ်။ ဒီပြပွဲကိုကြည့်ပြီး မြောက်ဦးကို သွားချင်စိတ်ပေါ်မိပါတယ်" ဟု ပြောပြခဲ့သည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်သည် သဇင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်းဆိုတဲ့ဆိုရိုးစကားနဲ့အညီ စေတီပုထိုးများ ပေါများလှပြီး မြန်မာနိုင်ငံရဲ့ ရှေးဟောင်းစေတီ၊ ဘုရား၊ ပုထိုးအများဆုံးတည်ရှိရာ နေရာဒေသတစ်ခု ဖြစ်သည်။

နိုင်ငံတော်၏ လမ်းညွှန်ချက်များနှင့်အညီ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက စံနှုန်းများနှင့်ကိုက်ညီသည့် ပျူမြို့ဟောင်းသုံးမြို့၊ ပုဂံ၊ ရခိုင်ပြည်နယ်ရှိ မြောက်ဦး၊ ပြဒါးလင်းဂူ၊ မင်းကွန်းဒေသ၊ အင်းဝ၊ ဟံသာဝတီနှင့် မိုင်းမောပျူမြို့ဟောင်း ရှစ်နေရာတို့ကို အဆိုပြုအမွေအနှစ်အဖြစ် အမျိုးသားလွှတ်တော် ၁၁ ကြိမ်မြောက် အစည်းအဝေးတွင် တင်သွင်းခဲ့သောကြောင့် ရခိုင်ပြည်နယ်သည် မကြာတော့မည့် အနာဂတ်တွင် တည်ငြိမ်အေးချမ်းပြီး သောက်သုံးရေ ဖူလုံစွာရရှိတော့မည်မှာ မလွဲဧကန်ပင် ဖြစ်ပေတော့မည်။

## ကမ္ဘာလှည့်ခရီးသည်များ မော်လိုက်မြို့သို့ လာရောက်လည်ပတ်မှု ယခင်နှစ်ထက် များပြားလာ

**မော်လိုက်၊ နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့ သို့ နိုင်ငံခြားသား ခရီးသည်လာရောက်လည်ပတ်မှုမှာ ယခင်နှစ်ကထက် ပိုမိုများပြားလာခဲ့ကြောင်း ယင်းဒေသခံများကပြောသည်။

အဆိုပါ မော်လိုက်မြို့သို့ နိုင်ငံခြားသား လာရောက်လည်ပတ်မှုမှာ ၂၀၁၃ ခုနှစ် တစ်နှစ်တာ ကာလတွင် နိုင်ငံအသီးသီးမှ နိုင်ငံခြားသားခရီးသည် စုစုပေါင်း ၃၀၄ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ မှစတင်ကာ နိုဝင်ဘာ ၁၅ ရက်အထိ နိုင်ငံခြားသားခရီးသည် လာရောက်လည်ပတ်သူဦးရေ စုစုပေါင်း ၃၄၈ ဦးထိ ပိုမိုဝင်ထွက်လာကြောင်း မော်လိုက်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာသော ပြုပြင်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီနိုင်ငံသစ် ဖော်ဆောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သည့်အချိန်ကာလတွင် နိုင်ငံတကာမှ စိတ်ဝင်စားလျက်ရှိကြကြောင်း နိုင်ငံရေးကျွမ်းကျင်သူများက သုံးသပ်ထားသည်။

မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံခြားသားအများစုသည် စီးပွားရေးအရရင်းနှီးမြှုပ်နှံလိုသူများ၊ မြန်မာနိုင်ငံ၏ ထင်ရှားသော အလှအပရှုခင်းများကို ကြည့်ရှုခံစားလိုသူများ၊ ဒေသန္တရ ဗဟုသုတရလိုသူများဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မော်လိုက်မြို့ကို နိုင်ငံခြားသားခရီးသည်တွေ လာရောက်လည်ပတ်တာ အရင်နှစ်ထက် ဒီနှစ်က ပိုများတယ်။ သူတို့တွေ အခုလို လာရောက်လည်ပတ်တာများတော့ ဒေသခံ ကျွန်တော်တို့လို ဆိုက်ကားသမားတွေ၊ ကားသမားတွေအတွက် အဆင်ပြေပါတယ်။ သူတို့တွေက မော်လိုက်မြို့ကိုရောက်ရင် မြို့တွင်းမှာရှိတဲ့ အင်္ဂလိပ်လက်ထက်က ဆောက်လုပ်ခဲ့တဲ့ ရုံးအဆောက်အအုံတွေ၊ စာသင်ကျောင်းတွေ၊ ဂေါက်ကွင်းတွေကို ဆိုက်ကားနဲ့ လှည့်ပတ်ကြည့်ရှုကြတယ်။

"နောက်ပြီး မော်လိုက်မြို့ရဲ့ အနောက်သစ်ထုတ်ရေးကြိုးဝိုင်းမှာရှိတဲ့ ပျားစွဲ ဆင်စခန်းကိုလည်းစိတ်ဝင်တစား သွားရောက်ပြီး ဆင်တွေရဲ့ လုပ်ငန်းခွင်ဝင်ရောက်မှုတွေ၊ အလှပြကွက်တွေကို သွားရောက်ကြည့်ရှုကြတယ်။ မော်လိုက်ကိုရောက်ရင် အဲဒီနေရာတွေကို အမြဲတမ်း သွားတယ်။ ဒါတွေကလည်း ကျွန်တော်တို့ မော်လိုက်မြို့အတွက် ဂုဏ်ယူစရာ တစ်ခုပါပဲဗျာ" ဟု ယင်းဒေသခံ ဦးမိုးဇော်က ပြောသည်။

**မော်လိုက်သားလေး**

**ပျောက်ဆုံးကြောင်း**


ကျွန်တော် စောဝင်းစိုး(ဘ)ဦးချစ်စိန် P-P No.M 090208 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ဖုန်း-၂၄၀၁၀၀၂၈၆



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁)၊ မြေကွက်အမှတ်(၁၁၃၁)၊ မြေကွက်တည်နေရာအမှတ်(၁၁၃၁)၊ ဧရာဝတီလမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးယုမောင် [၁၂/လကန(နိုင်)၀၃၃၃၃၄]-ဒေါ်တင်စိန် [၁၂/လကန(နိုင်)၀၃၃၃၂၉] အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဦးယုမောင် ခင်ပွန်း(ကွယ်လွန်သဖြင့်) ဒေါ်တင်စိန် [၁၂/လကန(နိုင်)၀၃၃၃၂၉]မှ တရားဝင် တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြပြီး ၎င်းထံမှ GP အမှတ်(၂၁၆၀/၁၄) ဖြင့်ရသူ ဦးမြင့်ဦး [၁၂/ပဇတ(နိုင်) ၀၂၂၇၅၃]မှ ပိုင်ဆိုင်ကြောင်း နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ မြေကွက်အမှတ်(၇၆၄/က)၊ မြေကွက်တည်နေရာအမှတ်(၇၆၄/က)၊ ခိုင်ရွှေဝါလမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမောင်ညွန့်) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်ညွန့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အုံးကျင် [၁၂/သကတ(နိုင်) ၀၇၀၈၀၀] မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

လှိုင်သာယာမြို့နယ်၊ အမှတ်(၁၆) ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အိမ်အမှတ်-၁၂၃၈/ခ နေ ဦးမြင့်ဦး-ဒေါ်ခိုင်ခိုင်မာတို့၏ သားဖြစ်သူ မောင်တင်မျိုးအောင် [၁၂/လသယ(နိုင်)၀၈၀၉၃၉] ကိုင်ဆောင်သူသည် မိဘများအားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမြင့်ဦး [၁၄/လမန(နိုင်)၀၅၄၉၀၅]

ဒေါ်ခိုင်ခိုင်မာ [၁၄/လမန(နိုင်)၀၆၆၇၀၂]

# တောင်ဥက္ကလာပ၌ အမှိုက်များစနစ်တကျ စွန့်ပစ်ရန် အမှိုက်ပုံး၊ အမှိုက်ကန်များ အလုံအလောက် ထားရှိ

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ မြို့တော်သန့်ရှင်းသာယာရေးအတွက် အမှိုက်ပုံး၊ အမှိုက်ကန်များ ဆောင်ရွက်ပေးထားသော်လည်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများရှိနေသဖြင့် မြို့နယ်အသီးသီးသို့ နောက်ထပ်အမှိုက်ပုံးများ ထပ်မံခွဲဝေပေးပို့ထားရန် တောင်ဥက္ကလာပမြို့နယ် သန့်ရှင်းရေးဌာနသို့ ၆၆၀ လီတာ အမှိုက်ပုံးကြီး ၁၆ ပုံး ထပ်မံပေးပို့ထားကြောင်း သန့်ရှင်းရေးဌာနတာဝန်ခံ ဦးသူရဝင်းက ပြောသည်။



ထိုသို့ စွန့်ပစ်အမှိုက်များအား အမှိုက်ပုံး၊ အမှိုက်ကန်များ၌ စွန့်ပစ်ခြင်းသည် မြို့နယ်သန့်ရှင်းသာယာရေးအတွက် ဝိုင်းဝန်းကူညီရာရောက်ပါကြောင်းနှင့် သန့်ရှင်းရေးဌာနမှ လက်ကိုင် အသံချဲ့စက်ဖြင့် နှိုးဆော်နေခြင်းကြောင့် အများပြည်သူများ အနေဖြင့် အမှိုက်များအား အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်လိုကြောင်း ၎င်းက ပြောသည်။

ယခင်က ယင်းမြို့နယ်တွင် ဒေသတွင်းနေထိုင်သူများ အမှိုက်စွန့်ပစ်နိုင်ရန် အမှိုက်ကန် ၂၃ ကန်၊ ၂၄၀ လီတာ အမှိုက် ပုံး ၁၀၁ ပုံး၊ ၆၆၀ လီတာ အမှိုက်ပုံးကြီး ၂၆ ပုံး၊ တိုင်ထောင် အမှိုက်ပုံး ၁၁ ပုံး၊ ကွမ်းတံတွေးပုံး ၁၀ ပုံးတို့ကို ဖြန့်ကြက်ပေးထားပြီး ယခု နောက်ထပ် ၆၆၀ လီတာအမှိုက်ပုံးကြီး ၁၆ ပုံးကို ထပ်မံဖြည့်စွက် ဖြန့်ကြက်ပေးထားကြောင်း သိရသည်။

အဆိုပါတောင်ဥက္ကလာပမြို့နယ်သည် ၂ ဒသမ ၉၇၃ စတုရန်းမိုင် ကျယ်ဝန်းပြီး ရပ်ကွက်ကြီး ၁၃ ရပ်ကွက်ဖြင့် စုဖွဲ့ထားသော မြို့နယ်ဖြစ်သည်။ ထို့ကြောင့် မြို့နယ်သန့်ရှင်းရေးဌာနမှ မြို့နယ်အတွင်း အမှိုက်များကင်းစင်စေရန် အမှိုက်ပုံး၊ အမှိုက်ကန်များ အလုံအလောက် ဖြန့်ကြက်ပေးထားပြီး အမှိုက်များသိမ်းဆည်းရာတွင် အမှိုက်သိမ်းယာဉ် ကိုးစီး၊ အမှိုက်သိမ်းလက်တွန်းလှည်း ၄၀ စီး၊ ခေါင်းလောင်းတီးအမှိုက်သိမ်းလှည်း ၂၀ စီး၊ လမ်းကြောင်းအမှိုက်သိမ်းလှည်း ၂၁ စီးတို့ဖြင့် နေ့စဉ် အမှိုက်များသိမ်းဆည်း ရှင်းလင်းပေးလျက်ရှိသည်။ **မောင်သူည**

# ကလောမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဝတ်စုံပြည့် ပေးအပ်ပွဲနှင့် လေ့ကျင့်ရေးမွမ်းမံ သင်တန်းဖွင့်

**ကလော၊ နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဝတ်စုံပြည့်တပ်ဆင်ပေးအပ်ပွဲနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း ၁ / ၂၀၁၄ သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်က ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးတင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်အောင်၊ မြို့မရဲတပ်ဖွဲ့ စခန်းမှူး ဒုတိယရဲမှူးဆွေဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းမော်၊ ကလောမြို့ မီးသတ်ဦးစီးမှူး ဦးရွှန်ဒွန်းတန်၊ အောင်ပန်းမြို့ မီးသတ်ဦးစီးမှူး ဦးစိုးဝင်းတို့ တက်ရောက်ကြသည်။

ယင်းပြင် အခမ်းအနားသို့ ဟဲဟိုးမြို့ မီးသတ်ဦးစီးမှူး ဦးအောင်မျိုးဦး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ခွန်ကြာတစ်၊ မြို့နယ်ကြက်ခြေနီအသင်းနည်းပြ အောင်ပန်း၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ခွဲမှူး သိန်းစိုး၊ ကလောမြို့နယ်အရန်မီးသတ်တပ်ခွဲမှူး ဦးမောင်မောင်တင်၊ ကလော၊ အောင်ပန်း၊ ဟဲဟိုးမြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကလောမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း ၁ / ၂၀၁၄ သင်တန်းသား ၁၅၀ ဦးအတွက် မီးသတ်ဝတ်စုံပြည့်များကို မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူး ခွန်ကြာတစ်ထံ ပေးအပ်ခဲ့သည်။

အဆိုပါမြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံ သင်တန်း ၁/၂၀၁၄ တွင် အပြည်ပြည်ဆိုင်ရာ မြို့ပြရှာဖွေကယ်ဆယ်ရေးဘာသာ၊ သဘာဝဘေးလျော့ပါးရေး ဆောင်ရွက်ချက်လုပ်ငန်းများ ဒေသန္တရအသက်ကယ်ပစ္စည်းများအသုံးပြုနည်းများ၊ မီးသတ်ပစ္စည်းကိရိယာများ၊ မီးလောင်ကျွမ်းသည့်အကြောင်းရင်း ၁၀ ချက်၊ အိမ်တွင်းမီးဘေးကာကွယ်ရေး၊ ရှေးဦးပြုစုနည်းနှင့် စစ်ရေးပြဘာသာရပ်များကို လေးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ကလောမြို့သင်တန်းအတွက် တာဝန်ခံမီးသတ်စခန်းမှူး ဦးရွှန်ဒွန်တန်၊ အရန်မီးသတ်သင်တန်းသား ၅၀ ဦး၊ အောင်ပန်းမြို့သင်တန်းအတွက် တာဝန်ခံမီးသတ်စခန်းမှူး ဦးစိုးဝင်း၊ သင်တန်းသား ၁၀၀ ဦး၊ ဟဲဟိုးမြို့သင်တန်းအတွက် တာဝန်ခံမီးသတ်စခန်းမှူး အောင်မျိုးဦး သင်တန်းသား ၅၀ ဦးတို့အား နေရာသုံးနေရာခွဲပြီး သင်တန်းများပို့ချသွားမည်ဖြစ်ကြောင်း အောင်ပန်းမီးသတ်စခန်းမှူး ဦးစိုးဝင်းက ပြောသည်။ **ဇော်သိန်းရည်**

# မြန်မာနိုင်ငံတွင် နှစ်စဉ် ခွေးကိုက်ခံရသူပေါင်း ခြောက်သိန်းခန့်ရှိ

**နေပြည်တော်၊ နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံတွင် ခွေးကောင်ရေပေါင်း ၃ ဒသမ ၅ သန်းခန့်ရှိပြီး နိုင်ငံအတွင်း နှစ်စဉ်ခွေးကိုက်ခံရသူပေါင်းမှာ ၆ သိန်းခန့်ရှိကြောင်း နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက နေပြည်တော်ခန်းမ၌ ကျင်းပပြုလုပ်သော ခွေးရူးပြန်ရောဂါနှင့်ပတ်သက်၍ လူထုပညာပေးဟောပြောပွဲတွင် ရန်ကုန်ဆေးတက္ကသိုလ် (၂) မှ ပါမောက္ခ ဒေါက်တာချစ်စိုးက ပြောကြားခဲ့သည်။

ခွေးရူးပြန်ရောဂါသည် တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်ပြန့်ပွားနိုင်သော ရောဂါများတွင် ရှေးအကျဆုံးရောဂါဖြစ်ပြီး ကုသ၍မရဘဲ ကာကွယ်၍သာရကြောင်း ၎င်းကပြောသည်။

ပြည်တွင်းရှိ ခွေးသေကောင်များ၏ ဦးနှောက်ကို ဓာတ်ခွဲခန်းတွင် ခွဲစိတ်စမ်းသပ်ကြည့်ရာ ၇၀ ရာခိုင်နှုန်းသည် ခွေးရူးပြန်ရောပါပိုးရှိသည်ကို တွေ့ရကြောင်း၎င်းကဆိုသည်။

ခွေးရူးရောဂါသည် ကမ္ဘာ့လူသားတစ်ရပ်လုံးအား ခြိမ်းခြောက်လျက်ရှိပြီး ကမ္ဘာတွင် ဆယ်မိနစ်လျှင် တစ်ယောက်နှုန်းနှင့် တစ်နှစ်လျှင် လူဦးရေ ၅၅၀၀၀ ခန့်သည် ခွေးရူးရောဂါဖြင့် သေဆုံးလျက်ရှိကြောင်း ပါမောက္ခများ၏ပြောကြားချက်အရ သိရသည်။

အဆိုပါ ခွေးရူးရောဂါဖြစ်ပွားသူများ၏ ၉၉ ရာခိုင်နှုန်းသည် ခွေးရူးရောဂါဖြစ်ပွားနေသည့် ခွေးကိုက်ခြင်းကြောင့် သေဆုံးခြင်းဖြစ်ပြီး၊ ရောဂါဖြစ်ပွားသည့်လက္ခဏာပြပါက ကုသ၍မရတော့ဘဲ သေဆုံးနိုင်သဖြင့် ကြိုတင်ကာကွယ်ဆေးများ ထိုးထားရန်လိုအပ်ကြောင်း သိရသည်။

မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကိုလည်း ခွေးရူးရောဂါကာကွယ်ဆေးများ စနစ်တကျ ထိုးနှံခြင်းဖြင့် ပြည်သူလူထု ခွေးရူးရောဂါဖြစ်ပွား၍ ဆုံးရှုံးမှုမဖြစ်အောင် ဆောင်ရွက်သင့်ကြောင်း အဆိုပါ ပါမောက္ခများက အကြံပြုပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် နေပြည်တော်လူမှုရေးဝန်ကြီး ဒေါက်တာလှဦးက ဦးစွာအဖွင့်မိန့်ခွန်းပြောကြားပြီးနောက် မြန်မာနိုင်ငံဆရာဝန်အသင်း (နေပြည်တော်) ဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းအောင်က ခွေးရူးပြန်ရောဂါနှင့်ပတ်သက်၍လည်းကောင်း၊ ပါမောက္ခ ဒေါက်တာဒေါ်တင်တင်မြိုင်က တိရစ္ဆာန်များတွင် ဖြစ်ပွားပုံနှင့် ထိန်းသိမ်းစောင့်ရှောက်ပုံကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းဆေးရုံမှ အထူးကုဆရာဝန်ကြီး ဒေါက်တာနန်းဖြူဖြူအောင်က ခွေးကိုက်ခံရခြင်းနှင့် ကာကွယ်ဆေးများထိုးနည်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဒေါက်တာတင့်တင့်ကြည်နှင့် ပါမောက္ခများက ပြန်လည်ဆွေးနွေး ဖြေကြားခဲ့သည်။

**ဆက်နေမင်းအောင်**

# ရေးမြို့နယ်တွင် ထရန်စဖော်မာ တပ်ဆင်ပေး

**ရေး၊ နိုဝင်ဘာ ၂၀**

မွန်ပြည်နယ် ရေးမြို့ မြို့ပေါ်ရပ်ကွက်ရှိ သီရိဇေယျာရပ်ကွက်အတွင်း၌ နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီက ရေးမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် မြို့နယ်မီးလင်းရေးကော်မတီဝင်များ ပူးပေါင်းပြီးထရန်စဖော်မာ 160KVA တပ်ဆင်ပေးကြောင်းနှင့် အဆိုပါ ထရန်စဖော်မာ KVA ကို တပ်ဆင်ပေးလျက်ရှိရာတွင် ဓာတ်အားလိုင်းကြိုးများ လဲလှယ်တပ်ဆင်ခြင်း၊ ဓာတ်တိုင်များစိုက်ထူခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဆောင်ရွက်ခြင်းအားဖြင့် သီရိဇေယျာရပ်ကွက်မှ နေအိမ်များအပြင် သီရိမာလာ၊ သီရိခေမာရပ်ကွက်အတွင်းရှိ လူနေအိမ်များပါ လျှပ်စစ်မီးဗို့အားများ အပြည့်အဝခံစားရရှိမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**


## မင်္ဂလာဦးဆွမ်းကျွေးကျေးဇူးတင်လွှာ

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်(စနေနေ့)၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးညေ့ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြပါသော Maersk Line Myanmar. North Andaman Services Co.,Ltd. Seed Asia Co.,Ltd နှင့် Lotus Royal Myanmar Co.,Ltd မှ လူကြီးမင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မေတ္တာများစွာဖြင့် ဖိတ်စာပြုလုပ်ပေးသော အောင်ကျော်သိန်း ပုံနှိပ်တိုက်မိသားစု၊ မေတ္တာများစွာဖြင့် မိတ်ကပ်နှင့် မင်္ဂလာဝတ်စုံ ဖန်တီးပေးသော မေဦးမောင်(တော်ဝင်သူနှင့်အဖွဲ့)၊ အဘက်ဘက်က ကူညီပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်

ကိုအောင်ခိုင်ဦး-မကလျာစိုး

## အမည်ပြောင်း

အဖ ဦးသိန်းဝင်း၏သား အထက(၂)ဒဂုံဆိပ်ကမ်း၊ တတိယတန်း(B)တွင် ပညာသင်ကြားနေသော မောင်ကောင်းနန္ဒဟန်အား မောင်ကောင်းထက်ဇင်ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။ မောင်ကောင်းထက်ဇင်

## အမြန်ရောင်းမည်

၁။ မြေ ပေ(၂၀×၅၀)တွင် ပေ(၂၀×၃၀)၊ တစ်ထပ်တိုက်သစ်၊ ရေမီးစုံ၊ တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။ (၁၉၅)သိန်း

၂။ တိုက်ခန်း ပေ(၁၇×၇၅)၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ၁၆၆လမ်း၊ ရာပြည့်ဈေးရှေ့၊ တာမွေမြို့နယ်။ သိန်း(၁၅၀၀)

၃။ ကလောမြို့အဝင်၊ ရှုခင်းအလွန်ကောင်း၊ ထောင့်ကွက်၊ RC ၂ထပ်၊ တိုက်သစ်၊ အဆင့်မြင့်ပြင်ဆင်ပြီး။ သိန်း(၂၅၀၀) Ph:09-5071649, 09-250521750, 09-73200056

## အမည်မှန်

ဦးဇော်လွှမ်၏သား မြစ်ကြီးနားမြို့၊ အထက(၁)နဝမတန်း(D7)မှ မောင်လဂျာဆမ်ဆွန်(ခ)ယားခါ၏ အမည်မှန်မှာ မောင်လဂျာဘွမ်ဖရွယ်အောင် ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးဒိန်ခန်တန်၏သမီး၊ မြစ်ကြီးနားမြို့၊ အထက(၆)အဋ္ဌမတန်း(A)မှ မဒိန်ခန်နင်ရာအား မနင်ရာဟုလည်းကောင်း၊ ပဉ္စမတန်း (A)မှ မဒိန်ခန်ခေါ်ဆားရ်အား မခေါ်ဆားရ်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

## လေလံခေါ်ယူခြင်း

၁။ ဘားအံမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင်းဖမ်းဆီးရမိ၍ ပြည့်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသောစားသုံးဆီနှင့် အထွေထွေလူသုံးကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်ရက် - ၂၄-၁၁-၂၀၁၄ ၊ တနင်္လာနေ့


(ခ) လေလံတင်ရောင်းချမည့်အချိန် - (၁၀ ႏ ၃၀) နာရီ

(ဂ) လေလံတင်ရောင်းချမည့်နေရာ - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး ဘားအံမြို့

၂။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လေလံတင်လျှောက်လွှာပုံစံများအား ရုံးချိန်းအတွင်း ဘားအံမြို့နယ် အကောက်ခွန်ဦးစီဌာနမှူးရုံးတွင် ၂၀-၁၁-၂၀၁၄ ရက်နေ့မှစ၍ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိလိုသော အချက်အလက်များအား လေလံတင်ရောင်းချရေးကော်မတီ ဖုန်း- ၀၅၈ ၂၁၈၀၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**




## ပိုင်ရှင်ကိုယ်တိုင်ညှိနှိုင်းဈေးဖြင့်အမြန်ရောင်းမည်

၁။ ကွန်ဒိုတိုက်ခန်း၊ အောက်ပုဇွန်တောင်လမ်းမကြီးပေါ်၊ ညောင်တန်းမှတ်တိုင်အနီး၊ ၈-လွှာ၊ ပေ(၂၀×၇၀)အကျယ်၊ အိပ်ခန်း(၃)ခန်း၊ အဲယားကွန်း(၂)လုံး၊ ဧည့်ခန်း၊ အိပ်ခန်းများ ပျဉ်းကတိုးပါကေးခင်း၊ မီးဖိုခန်းကြွေပြားခင်း၊ ရေချိုးခန်း၊ အိမ်သာ ဗိုလ်ထိုင်၊ အရှေ့၊ အနောက်ဝရန်တာရှိ ဆန်းရှိတ်ထုတ်ပြီး၊ သံပန်းအပြည့်ကာပြီး၊ ကြွေပြားခင်းပြီး၊ အသင့်နေ၊ ဓာတ်လှေကားရှိ လုံခြုံရေးရှိ ကားပါကင်ရှိ။

၂။ မြောက်ဥက္ကလာပ၊ သုမ္မောလမ်းမကြီးပေါ်ရှိ ပေ(၂၀×၆၀)အကျယ်၊ ခြံခတ်ပြီး၊ 2BN၊ ရေ မီး၊ ဖုန်းပါ၊ အဲယားကွန်းပါ၊ ဂရန်အမည်ပေါက်။

ဆက်သွယ်ရန်ဖုန်း - ၀၁-၉၆၉၀၄၂၆၊ ၀၉-၄၂၀၀၈၀၂၄၄

(ဝယ်မည့်သူသာဆက်သွယ်ပါ)

ဖတ်စရာ

# စစ်ကိုင်းအနုယုဒ္ဓါချောင်၌ ရွှေကိုင်းသားကျောက်စာတိုင် စိုက်ထူရန် စီစဉ်

à eÉm̃rif;vG

စစ်ကိုင်းမြို့မှ သုတေသနပညာရှင်၊ စာရေးဆရာ ရွှေကိုင်းသား(ဆရာတော်ဦးသောဘိတ)၏ အထိမ်းအမှတ်ကျောက်စာတိုင်အား ဆရာတော်သီတင်းသုံးသွားတော်မူခဲ့သည့် စစ်ကိုင်းတောင်ရိုး၊ အနုယုဒ္ဓါချောင်တွင် အမှတ်တရ စိုက်ထူသွားရန် စစ်ကိုင်းမြို့ခံ စာပေချစ်မြတ်နိုးသူများက စီစဉ်နေကြကြောင်း ဝမ်းမြောက်ဂုဏ်ယူဖွယ် ကြားသိရသည်။

စစ်ကိုင်းတောင်ရိုး၊ အနုယုဒ္ဓါချောင်တွင် နေထိုင်သီတင်းသုံးသွားတော်မူသည့် ဆရာတော်ဦးသောဘိတ (ရွှေကိုင်းသား) သည် သုတေသနလောက၊ စာပေလောကတွင် ထင်ရှားသည့် စာရေးဆရာဖြစ်ပြီး စာအုပ်၊ စာတမ်း၊ ဆောင်းပါးပေါင်းများစွာ ရေးသားပြုစုသွားသည့် စာဆိုရဟန်းတစ်ပါး ဖြစ်သည်။

ဆရာတော် ရွှေကိုင်းသားဦးသောဘိတကို ၁၉၁၂ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်တွင် အဖ မြန်မာဆေးဆရာကြီးဦးအုန်း၊ အမိ ဒေါ်မြတို့က စစ်ကိုင်းမြို့ တကောင်းရပ်တွင် မွေးဖွားခဲ့သည်။ လူအမည်မှာ မောင်ထွန်းလှိုင်ဖြစ်ပြီး ၁၉၂၈ ခုနှစ်၊ အသက် ၁၆ နှစ်တွင် သတ္တမတန်းအောင်မြင်သည့်အခါ ကျောင်းထွက်၍ ချင်းစုရပ်မှ ဆရာကြီးဦးဘသန်းထံ ပန်းချီပညာနှင့် ဓာတ်ပုံပညာအပြင် ဗေဒင်နက္ခတ်ပညာတွက်ချက်နည်းများကိုပါ သင်ယူခဲ့သည်။

၁၉၃၀ ခုနှစ်တွင် ပျဉ်းမနားမြို့ ချမ်းအေးရပ်၌ ဆရာဦးဗိုလ်သန်းဖွင့်လှစ်သည့် တစ်နှစ်သင် ယောကျ်ားလေးနော်မန်ကျောင်းမှ မူလတန်းဆရာဖြစ် သင်တန်းအောင်မြင်ခဲ့သည်။ စကားပြောရန်ရှက်ရွံ့သဖြင့် ကျောင်းဆရာမလုပ်တော့ဘဲ မန္တလေးမြို့ ကမ္ဘည်းကျောက်စာရုံးတွင် ၁၉၃၀ မှ ၁၉၄၂ ခုနှစ်ထိ တာဝန်ထမ်းခဲ့သည်။

ပန်းချီပညာ၊ ကျောက်စာဌာနဆိုင်ရာ ဘုရား၊ ပုထိုး၊ ကျောင်းကန်၊ အဆောက်အအုံများ ကူးယူရေးဆွဲမှု၊ ပုံစံထုတ်မှု၊ မြေပန္နက်ပုံဆွဲမှု၊ ဆေးရေးပန်းချီများ ကူးယူမှုနှင့် ပျူစာဖတ်ရှုမှုများကို ကျောက်စာဝန်ဦးမြက သင်ကြားပေးခဲ့သည်။

စာပေ၊ ပျို့၊ လင်္ကာတို့ကို လေ့လာတတ်အောင် ဆရာကြီး ဦးလူဖေဝင်းက သင်ကြားပေးခဲ့သည်။ ၁၉၃၂ ခုနှစ်၊ စက်တင်ဘာလထုတ် သူရိယမဂ္ဂဇင်းတွင် "လှိုင်ခင်အေး" အမည်ဖြင့် "မင်းရှင်စောအတ္ထုပ္ပတ္တိ" ကို စတင်ရေးသားခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ဘွဲ့မည်မှာ ဦးသောဘိတ ဖြစ်သည်။

ဆရာတော် ရွှေကိုင်းသား ရေးသားပြုစုခဲ့သည့် စာအုပ်များမှာ မန္တလေး ၁၉၄၆၊ တကဲ့ စကားများ ၁၉၅၀၊ ဆင်ယင်ထုံးဖွဲ့မှုကျမ်း ၁၉၅၁၊ ရတနာစေတီဆင်များရှင်ဘုရားသမိုင်း ၁၉၅၇၊ လောကမကိုဋ္ဌ ဘုရားသမိုင်း ၁၉၅၈၊ နှစ် (၁၀၀) ပြည့်မန္တလေး ၁၉၅၉၊ ပတ္တမြားစေတီဘုရားသမိုင်း ၁၉၆၀၊ ပုညရှင်ဘုရားသမိုင်း ၁၉၆၀၊ ရွှေကြက်ယက်ဘုရားသမိုင်း ၁၉၆၂၊ အင်ကြင်းတောဘုရားသမိုင်း ၁၉၆၂၊ ပိတောက်ချောင်(၂၀၀)ပြည့်သမိုင်း ၁၉၆၃၊ ဆွမ်းဦးပုညရှင်ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေ ၁၉၆၄၊ ဒုတိယနဝဒေး ၁၉၆၆၊ ရွှေဂူမြို့ ရွှေအံတော်ဘုရားသမိုင်း ၁၉၆၈၊ စစ်ကိုင်းထူပါရုံသမိုင်း ၁၉၆၈ တို့ ဖြစ်သည်။

အခန်းဆက်ဆောင်းပါးရှည်ကြီးများမှာ မြန်မာ့ပန်းချီသမိုင်း ၁၉၅၀ မှ ၁၉၅၄ ခုနှစ်ထိ၊ ပုဂံခရီးသွားမှတ်တမ်း ၁၉၅၄ မှ ၁၉၅၆ ခုနှစ်ထိ၊ မြစ်နှစ်သွယ်ကြားမှ ရာဇဝင်နယ်မြေသို့ ၁၉၅၇၊ စစ်ကိုင်း မြေလျှောင်ရာဇဝင်မှတ်တမ်း ၁၉၅၉၊ အင်းဝခေတ်ကိုပြန်လည်သုံးသပ်ခြင်း ၁၉၅၆ စသည်တို့ဖြစ်သည်။

ဆရာတော်သည် ခရီးသွားဆောင်းပါးပေါင်း အပုဒ် ၂၀၊ စာနယ်ဇင်းများအကြောင်း ၁၃ ပုဒ်၊ စာပေအကြောင်း ၂၂ ပုဒ်၊ ဗေဒင်အကြောင်းသုံးပုဒ်၊ ဘာသာစကားအကြောင်း ၁၄ ပုဒ်၊ ဘာသာရေး ၄၆ ပုဒ်၊ ရိုးရိုးသိပ္ပံဘာသာရပ်ဆောင်းပါး ၂၇ ပုဒ်၊ လူမှုရေးသိပ္ပံဆောင်းပါး ၁၂၁ ပုဒ်၊ သမိုင်းဆိုင်ရာဆောင်းပါး ၆၇ ပုဒ်၊ အနုပညာဆောင်းပါး ၁၀၅ ပုဒ်၊ အသုံးချသိပ္ပံဆောင်းပါး ခြောက်ပုဒ်၊ အတ္ထုပ္ပတ္တိဆောင်းပါး ၃၈ ပုဒ်၊ စုစုပေါင်း ဆောင်းပါး ၅၀၄ ပုဒ် မှတ်တမ်းတင်နိုင်ခဲ့သည်။ လုံးချင်း ၁၈ အုပ်၊ စာတမ်းပေါင်း ၁၀ စောင် စသည်တို့ကို ရတနာပုံဖိုးမှတ်စု၊ ရတနာပုံလှိုင်ခင်အေး၊ စစ်ကိုင်းဘိုးရာဇာ၊ မှတ်စုမောင်၊ ရွှေကိုင်းသား၊ ဦးသောဘိတ စသည့် ကလောင်အမည်များဖြင့် ရေးသားပြုစုခဲ့သည်။

ဆရာတော် ရေးသားပြုစုသည့် စာအုပ်များအနက် "ဆင်ယင်ထုံးဖွဲ့မှုကျမ်း" မှာ ၁၉၅၁ ခုနှစ်တွင် စာပေဗိမာန်၊ စာပဒေသာဆု ရရှိခဲ့သည်။

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၊ အနုယုဒ္ဓါချောင်တွင် သီတင်းသုံးရင်း စာပေများကို ပြုစုရေးသားလျက်ရှိနေရာ ဓားပြများ၏ ရိုက်နှက်မှုဒဏ်ရာများကြောင့် ၁၉၈၁ ခုနှစ် ဇွန် ၂၆ ရက်တွင် အနုယုဒ္ဓါချောင်၌ ပျံလွန်တော်မူခဲ့ရှာသည်။ ဆရာတော် ရွှေကိုင်းသားသည် စာပေလောက၊ သုတေသနလောကအတွက် အကျိုးများလှသည့် စာပေများစွာကို ရေးသားပြုစုခဲ့သဖြင့် သုတေသနပညာရှင်များ၊ စာပေပညာရှင်များက လေးစားရသည့် စာဆိုရဟန်းတစ်ပါး ဖြစ်ပေသည်။ ဆရာတော်ပြုစုရေးသားထားခဲ့သည့် စာပေကျမ်းဂန်များမှာ အထောက်အထား၊ သုတေသနပြုချက်များ တိကျခိုင်မာလှသဖြင့် ယနေ့ထက်တိုင် ကိုးကားနေကြရသည်။

ဆရာတော်အတွက် အမှတ်တရ အထိမ်းအမှတ်ကျောက်စာတိုင်အား ဆရာတော်သီတင်းသုံးသွားတော်မူသည့် စစ်ကိုင်းတောင်ရိုး၊ အနုယုဒ္ဓါချောင်တွင် သက်တော် ၁၀၃ ပြည့်အမီ စိုက်ထူသွားနိုင်ရန် စစ်ကိုင်းမြို့မှ စာရေးဆရာများ၊ စာပေချစ်မြတ်နိုးသူများက စီစဉ်လျက်ရှိနေကြောင်း၊ ပူးပေါင်းပါဝင်လှူဒါန်းလိုသူများအနေဖြင့် စစ်ကိုင်းမြို့နယ် စာရေးဆရာအသင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

# ကျေးလက်မီးလင်းရေး ဆိုလာမီးများ အခမဲ့တပ်ဆင်ပေး



ကံမ၊ နိုဝင်ဘာ ၂၀

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်ရေးတွင် လျှပ်စစ်မီးရရှိရေးသည် အဓိကဖြစ်သည့်အလျောက် နိုင်ငံတော်မှ စီမံချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကံမမြို့နယ် ဖရုံလှကျေးရွာတွင် နိုဝင်ဘာ ၁၉ ရက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးများကို အိမ်တိုင်ရာရောက် အခမဲ့တပ်ဆင်ပေးခဲ့သည်။

အဆိုပါကျေးရွာသည် မြေပြန့် ချင်းတိုင်းရင်းသားများ အများစုနေထိုင်သည့် ကျေးရွာတစ်ရွာဖြစ်ပြီး တစ်အိမ်လျှင် ကျပ်နှစ်သိန်းခန့်တန်ဖိုးရှိသည့် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို စုစုပေါင်း ၁၄၃ အိမ်အတွက် နိုင်ငံတော်အစိုးရမှ ငွေကျပ် ၂၈၆ သိန်း အကုန်အကျခံ တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ စီမံချက်ဖြင့် နေ့ချင်းပြီးပြုလုပ်ပေး

**ပူတာအို၊ နိုဝင်ဘာ ၂၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့် (၇) စီမံချက်အရ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်မီသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့သည်။

ပြီးခဲ့သည့်နိုဝင်ဘာ ၁၂ ရက်က ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းနှင့် ဒသမတန်းကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၁၈ဦးအားနိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

ယင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ရန်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်း၏အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအယ်လ်ယော်ထုန်နှင့် လက်ထောက် လ-ဝ-ကမှူးများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်ခဲ့သည်။


ယင်းနောက် ကျောင်းသူ၊ ကျောင်းသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးနေမှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့၊ ခရိုင် လ-ဝ-က လက်ထောက်ညွှန်ကြားရေးမှူး၊ အ. ထ. က ပူတာအိုကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဆင့်နှင့် မြို့နယ် လ-ဝ-က ဦးစီးမှူးတို့က ဝိုင်းဝန်းကြီးကြပ်၍ နေ့ချင်းပြီး ဆောင်ရွက်ပေးကာ ကျောင်းသူ၊ ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ဦးချင်းစီသို့ ပေးအပ်ခဲ့သည်။


အလားတူ မိုးပွင့်အဆင့် (၇) စီမံချက်အရ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် ပူတာအိုမြို့နယ်အတွင်း ကျန်ရှိသည့် အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ မြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအုပ်စု ၁၄ အုပ်စုသို့ စီမံချက်ကာလအတွင်း ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ် လ-ဝ-က ဦးစီးမှူးက ပြောသည်။


**(မြို့နယ် ပြန်/ဆက်)**

**TAXI** ရောင်းမည်
(၁) 2003 MDL FIELDER TAXI GRADE 4-B
(၂) Corona မျောက်ဂေါင်း 9A/---- နံပါတ်အနက်။
ဖုန်း-၀၉-၇၃၀၆၀၁၉၆၊ ၀၉-၄၂၁၀၂၇၈၂၈

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သစ်ပုပ်ပင်ကျေးရွာအုပ်စု၊ မကျီးကုန်းကျေးရွာနေ အဖဦးမြင့်သိန်း၏သမီး မအေးသီ[၇/ရတရ(နိုင်)၁၃၆၉၈၁]နှင့် မအေးမြတ်မွန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မအေးသီ(ခ)မအေးမြတ်မွန်





**သန်လျင်မြို့ နေရာကောင်းရောင်းမည်**
သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ယုဇနလမ်း ပေ(၅၀ × ၁၀၅)၊ 3Bကျပြီး၊ အုတ်တံတိုင်းခတ်ပြီး ရေသန့်လုပ်ငန်းကောင်း ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
Ph:09-5112324

**ရောင်းမည်/ငှားမည်**
၁။ ရွှေတောင်ကြားလမ်းမ ပေ(၅၀×၈၀)ဘိုးဘွားမြေ+3RC အဆင့်မြင့် ၃ ထပ်တိုက်+ရေကူးကန်+ဓာတ်လှေကား(ရောင်း)
၂။ ဝါးတရာစက်မှုဇုန်အတွင်း၊ လှိုင်မြစ်ကန်ဘေး(၁၆ဧကေ)+ကမ်းနားလမ်းမပေါ် (၆. ၂၅ဧကေ) နှစ်ကွက်တွဲ(ရောင်း)
၃။ ဦးဝိစာရလမ်း (ဗဟန်း) ပေ(၅၀×၁၂၀) လုံးချင်းနှစ်ထပ်တိုက်(ငှား)
၄။ မြေနီကုန်း၊ မြေနုလမ်း၊ ပေ(၂၀×၆၅)မြေညီ အဆင့်မြင့်ပြင်ဆင်ပြီး(ရောင်း)
၅။ မြေနီကုန်း၊ ရှမ်းကုန်းလမ်း ပေ(၁၈×၇၀)ပထပ် အဆင့်မြင့်ပြင်ပြီး (ရောင်း)
ဖုန်း-၀၉-၄၃၉၉၉၈၈၈

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၇၈**

ဦးမျိုးထွန်း နှင့် ၁။ ဒေါ်ဆွေဇင်သိမ်း
၂။ ဦးဟန်မျိုးအောင်

တရားလို တရားပြိုင်များ

အမှတ်(၃၄၆/ခ)၊ မင်းခေါင်(၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ)နေ (၂)တရားပြိုင် ဦးဟန်မျိုးအောင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် (၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မာဆွေ)
တွဲဖက်ခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

# မြစ်သာမြစ်ကူး စိုင်ဒူးတံတားသည် ကုန်စည်စီးဆင်းမှုအတွက် အရေးပါလှသည့် တံတားတစ်စင်းဖြစ်ခဲ့



**ဂန့်ဂေါ၊ နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး၊ တမူးမြို့များနှင့် ချင်းပြည်နယ် ဟားခါး၊ ထန်တလန်မြို့များနှင့် ချင်းပြည်နယ် ကဘော်ချိုင့်ဝှမ်းလွင်ပြင်ဒေသ၏ ကုန်စည်စီးဆင်းမှုအတွက် အရေးပါလှသည့် တံတားအရှည်ပေ ၆၀၀ ကျော်ကာ အကျယ် ၁၂ ပေ လေးလက်မရှိ စိုင်ဒူးတံတားကြီးကို ၁၉၉၃ ခုနှစ် ဇွန်လပိုင်းတွင် စတင်ပန္နက်ချတည်ဆောက်ခဲ့ကြောင်းသိရသည်။

စိုင်ဒူးတံတားကြီးကို ၁၉၉၅ ခုနှစ်တွင် အပြီးသတ်ဆောက်လုပ်နိုင်ခဲ့ကာ အာရှပတ်လမ်းမကြီးအတွက် အရေးပါသော တံတားတစ်စင်းကို တည်ဆောက်ပေးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ဂန့်ဂေါမြို့မှ ကလေးမြို့သို့ သွားမည်ဆိုလျှင် မိုင်အားဖြင့် ၉၁ မိုင်ကျော်ရှည်လျားပြီး ဂန့်ဂေါမြို့မှ ချင်းပြည်နယ် ဟားခါးမြို့သို့ဆိုလျှင် ၈၅ မိုင်ကျော်ရှိ၍ ကလေး၊ တမူးမြို့များနှင့် ဟားခါးမြို့များမှ မုံရွာ၊ မန္တလေးမြို့ကြီးများသို့သွားမည်ဆိုပါက စိုင်ဒူးတံတားကိုဖြတ်၍ သွားရသောကြောင့် ကုန်စည်စီးဆင်းမှုအတွက် အရေးပါလှသော တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

"ကလေး၊ ဂန့်ဂေါ၊ ဟားခါးလမ်းတွေကလည်း ကောင်းသင့်သလောက်တော့ ကောင်းလာပြီ။ လမ်းမကြီးပေါ်မှာရှိတဲ့ တံတားတွေဆိုလည်း အားလုံးကွန်ကရစ်တံတားတွေဖြစ်နေပြီ။ ဒါပေမဲ့ ကုန်ပစ္စည်းတွေကို လမ်းခံနိုင်ဝန်အားနဲ့မမျှအောင် တင်ဆောင်ပြီး သွားနေကြတဲ့ ၁၀ ဘီးကားကြီးတွေ ၁၂ ဘီးကားကြီးတွေကို သေချာစစ်ဆေးဖို့တော့လိုမယ်။ မစစ်ဆေးဘူးဆိုရင် လမ်းတွေ တံတားတွေကတော့ မကြာခင်ပျက်စီးသွားမှာပဲ" ဟု ကလေးဒေသခံတစ်ဦးက ပြောသည်။

**လင်းလက်ကြယ်စင်**

# ရွှေတောင်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲလုပ်ငန်းဆောင်ရွက်မှုများ သတင်းစာရှင်းလင်း

**ရွှေတောင်၊ နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ မြို့နယ်အတွင်းမှ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဒေသခံပြည်သူများအား သတင်းစာရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ရွှေတောင်မြို့မ ရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းက ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ဒုတိယရဲမှူး အောင်နိုင်က ရဲတပ်ဖွဲ့လုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးတွင် UE အဖွဲ့နှင့် ပူးပေါင်း၍ ပြည်သူကိုဗဟိုပြုစနစ်ဖြင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ နယ်မြေအတွင်းဖြစ်ပွားလျက်ရှိသော မှုခင်းများဖြစ်ပွားမှုနှင့် မှုခင်းကျဆင်းရေး အသိပညာပေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ရဲလုပ်ငန်းများဆောင်ရွက်မှုအပေါ် ပွင့်လင်းမြင်သာစွာ ဖြည့်စွက်မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ၎င်းရှင်းလင်းဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြန်ကြားရေးသတင်းမီဒီယာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ **ရဲထွဋ်**

# တိုက်ကြီးတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားများထုတ်ပေး

**တိုက်ကြီး၊ နိုဝင်ဘာ ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းသည် ဝန်ထမ်းများနှင့်အတူ နိုဝင်ဘာ ၁၆ ရက်တွင် တိုက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း အ. ထ. က မြို့မသို့ ရောက်ရှိပြီး ကျောင်းသူ၊ ကျောင်းသားများအား မိုးပွင့်အဆင့် (၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ တိုက်ကြီးမြို့နယ်တွင် မိုးပွင့်အဆင့် (၇) စီမံချက်ဖြင့် ကျောင်းသူ၊ ကျောင်းသားများအပြင် ရပ်ကွက်၊ ကျေးရွာအနှံ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဒိုင်အင်းကျေးရွာအုပ်စုတွင် ၁၀၀ ဦး၊ ရှမ်းစုရပ်ကွက်တွင် ၇၁ ဦး၊ က. ပ. စ (၁၁) တွင် ၁၈၉ ဦး၊ တိုက်ကြီး အ. ထ. က တွင် ၇၂ ဦး၊ စုစုပေါင်း ၅၂၁ ဦးဆောင်ရွက်ပြီးကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့တွင် (၉၄) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ မှတ်တမ်းဓာတ်ပုံ၊ စာအုပ်ပြပွဲ ကျင်းပ

**တပ်ကုန်း၊ နိုဝင်ဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှုကြီးမှူး၏ (၉၄) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက သပြေချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ၌ ကျင်းပခဲ့ကြောင်း သိရသည်။


ယင်းအခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် နံရံကပ်စာစောင်၊ မှတ်တမ်းဓာတ်ပုံ၊ စာအုပ်စာပေများထဲမှ အသိပညာဗဟုသုတရရှိသည့် စာပေများ ဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သပြေချောင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပြသကာ မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က ပြသထားသည့် နံရံကပ်စာစောင်၊ မှတ်တမ်းဓာတ်ပုံနှင့် အမျိုးသားနေ့အကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။

ပြပွဲအခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူများက (၉၄) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ မှတ်တမ်းဓာတ်ပုံ၊ စာအုပ်ပြပွဲများကို စိတ်ဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြသည်။


ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ဗျိုင်းအင်းကျေးရွာအနီးရှိ သမိုင်းဝင် ပြိုင်အင်းဆုတောင်းပြည့်ဘုရားတွင် ထားရှိသည့် စာပေရေချမ်းစင်မှ လျော့နည်းစာစဉ်များ ဖြည့်တင်းပြီး စာဖတ်သူများ၏ အကြံပြုချက်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်**
























## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ ချမ်းမြေ့သာယာလမ်း၊ မြေကွက်အမှတ်(၂၉၆/ခ)၊ အကျယ်အဝန်း (၂၀'×၆၀') အကျယ်ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ပျဉ်ထောင်တစ်ထပ်နှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်များအားလုံး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးအီဟင်း အမည်ပေါက်၊

အထက်ပါ မြေနှင့် နေအိမ်ကို အရပ်ကတိစာချုပ်ဆက်ဆက်ဖြင့် ဝယ်ယူထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဇော်မင်းဦး [၁၂/ရကန(နိုင်)၀၂၀၂၆၇]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးစိုးနိုင်[၁၂/သဃက(နိုင်)၀၄၆၈၂၅]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤမြေနှင့်နေအိမ် အရောင်းအဝယ်ကို အောင်မြင်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးမြင့်သန်း**(LL.B)** | ဒေါ်သဇင်အေး**(LL.B)** | ဒေါ်သက်ထားဆွိ**(LL.B)** |
| --- | --- | --- |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၆၉၆၃) | (စဉ်-၈၃၃၂) | (စဉ်-၄၂၈၉၉) |

ဇလပ်ပွင့် အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း
အမှတ်(၅၇)၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉၃၁၅၄၈၃၄၈၊ ၀၉-၃၁၅၄၈၃၃၁၊ ၀၉-၁၀၃၄၇၃၉၈

GO & GO Travels and Tours Co.,Ltd.

22nd Nov - 31st Dec

ဒေါ်ခိုင်ချိုမြင့်

M.Sc, D.A, E.D.B.A, ACCA (Final)

ACCA, LCCI, MYOB သင်တန်းများ

ဂုဏ်မြင့်သူ

ဆံပင်သန်၊ဆံပင်ပေါက်ဆေး

LCCI Level 1-2-3

AutoCount & MYOB Computerised Accounting

(1)

ကားမောင်း၊ စက်ပြင်သင်တန်း

မြေကွက်ဝယ်လိုသည်

09 255781353

09 250644566

09 254046497

Ph:09-254213789

ဦးရာလူရမည်

မှော်ဘီဈေးအကျော် လှပဒါး ကျေးရွာအရှေ့ဘက် လယ်/ဥယျာဉ် (၆)ကေ၊ တစ်ကေ သိန်း (၄၀၀)။

ဖုန်း-၀၉၄၂၁၁၇၀၀၇

Ph: 09-5091856, 09-420105826


## ကိုအောင်စိုးကျော် [၉/ပမန(နိုင်)၀၄၅၆၆၃] Floor Master နှင့် သက်ဆိုင်သူများသိစေရန် ကြေညာခြင်း

ကိုအောင်စိုးကျော် (Floor Master)၊ အမှတ် (၁၁၉-၁၂၁)၊ ၅လွှာ၊ ဗိုလ်တထောင်ဘုရားလမ်း(အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့မှ အောက်ဖော်ပြပါ မော်တော်ကားများဖြစ်သည့် Chassis No (1) ACM 21-0004951 ကို ၂၇-၁-၂၀၁၄ရက်စွဲဖြင့်(၂)UBS 736W- 7210608 ကို ၁၃-၁-၂၀၁၄ရက်စွဲဖြင့် (၃)ACM21-5029720ကို ၉-၁-၂၀၁၄ရက်စွဲဖြင့် (၄) AZT- ၂၄၁၀၀၀၃၀၆၁ကို ၂၆-၇-၂၀၁၄ ရက်စွဲဖြင့် Myanmar Refreshing Co.,Ltd ထံမှ ယူဆောင်သွားခဲ့ပါသည်။ ယနေ့အထိ လာရောက်ငွေပေးချေခြင်းမပြုဘဲ ရှောင်တိမ်းနေပါသည်။ ၁၉-၁၀-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာတွင် ပါရှိခဲ့သည့်အတိုင်း ဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။

ထို့ကြောင့် ဖော်ပြပါ Chassis No ရှိ မော်တော်ကား (၄) စီးကို လက်ဝယ်လက်ခံထားရှိသူများကိုလည်း ဥပဒေအတိုင်း အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်ထွန်းလင်း (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ**
**အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၅၀၆၁၅၇**

## အများသိစေရန်ကြေညာခြင်း

ဦးစိန်တိုးသိန်း (အဖ)ဦးကျင်သိန်း [၁၂/အစန(နိုင်)၀၅၇၂၇၁]မှ ၃-၂-၂၀၁၁ ရက်စွဲဖြင့် မိမိပိုင်ပစ္စည်းများအားခွဲဝေပေးရန် "မိသားစုစီမံမှုသဘောတူကတိစာချုပ်"ကို ပြုလုပ်ခဲ့သော်လည်း၊ မိမိကိုယ်တိုင်လွတ်လပ်သည့်သဘောဆန္ဒအလျောက် ယင်းသဘောတူညီချက်ကို ဖျက်သိမ်းလိုက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးစိန်တိုးသိန်း**

**အမှတ်(၆၄/ဃ)၊ မြဝတီရည်လမ်းသွယ်(၃)လမ်း၊ မရမ်းကုန်းမြို့နယ်**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ကွယ်လွန်(ကိုယ်စား) သားသမီးများထံမှတစ်ဆင့် ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးမြကြိုင်(ကွယ်လွန်) [၁၂/ကမရ(နိုင်)၀၂၆၁၁၇](ကစ) ဒေါ်ခင်စန်း [၁၂/ကမရ(နိုင်)၀၂၅၇၅၄] ဦးမျိုးညွန့် [၁၂/ကမရ(နိုင်)၀၂၅၇၅၂] ဒေါ်လှမြင့် [၁၂/ကမရ(နိုင်)၀၀၇၉၆၄] ဒေါ်အေးအေးမိုး [၁၂/ကမရ(နိုင်)၀၁၁၄၄၃](မှ) | ဦးအောင်စိုးလင်း [၇/အဖန(နိုင်)၀၀၁၁၇၆] ဒေါ်ခင်မာလင်း [၁၃/ရငန(နိုင်)၀၂၉၀၀၇] | တိုက်အမှတ်(၁၅)၊ အခန်းအမှတ်(၅၂) ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၆၇)၊ ဦးပိုင်အမှတ်-၃၊ (ခဲစင်း)၊ ၂၃×၂၄ကြား၊ ၈၂×၈၃ လမ်းကြားရှိ မရှင်အမည်ပေါက် ဘိုးဘမြေကွက်အား မိခင် ဒေါ်ရှင်၊ ဖခင် ဦးခတို့ကွယ်လွန်၍ သားဖြစ်သူ ဦးအလီခန့်မှ အမွေဆက်ခံခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဦးအလီခန့် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ကြည်မာနှင့်သား/သမီး (၉)ဦးတို့မှ အမွေဆက်ခံခဲ့ပါသည်။ အမွေဆက်ခံသူ(၁၀)ဦး အနက် ဒေါ်ပုပါ (၅)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၇၁၇/၁၉၇၂)ဖြင့် ဒေါ်ကြည်မာပါ (၅)ဦးမှ စွန့်လွှတ်ခြင်းကို လက်ခံခဲ့ပါ သည်။ မိခင်ဒေါ်ကြည်မာကွယ်လွန်၍ ၎င်း၏သားသမီး (၉)ဦးမှ အမွေဆက်ကျန်ရှိခဲ့ပြီး (၉)ဦး အနက်မှ ဒေါ်မိမိ၊ ဒေါ်မိမိလေး၊ ဒေါ်ခင်ထွေးတို့(၃)ဦးမှာ သက်ရှိထင်ရှားရှိပြီး ကျန်(၆)ဦးအနက်မှ [ဦးခင်မောင်ကြီး(ဇနီး)ဒေါ်ခင်ကြည်]တို့ ကွယ်လွန်၍ ကျန်ရစ်သူသား ဦးမျိုးသော်မှလည်းကောင်း၊ ဦးခင်မောင်ဒွေး ကွယ်လွန်၍ သား၊ သမီးထွန်းကားခြင်းလည်းမရှိပါသဖြင့် အမွေစားအမွေခံအဖြစ် ဒေါ်မယ်ရယ်ဘီမှလည်းကောင်း၊ (ဒေါ်ခခ၊ ခင်ပွန်းဦးဘမင်း)တို့ကွယ်လွန်၍ သားဒေါက်တာ ဦးကျော်ဝင်းမှလည်းကောင်း၊ [ဒေါ်ပု (ခင်ပွန်း) ဦးခင်မောင်ကြီး]တို့ ကွယ်လွန်၍ သားဦးမြင့်သန်းမှလည်းကောင်း၊ [ဒေါ်မမလေး(ခင်ပွန်း) ဦးကျော်အေး]တို့ ကွယ်လွန်၍ ကျန်ရစ်သူသားဒေါက်တာဦးစိန်နိုင်(သမီး) ဒေါ်လှလှရီတို့မှလည်းကောင်း၊ ဒေါ်မြမြ(အပျိုကြီးဘဝဖြင့်ကွယ်လွန်)၍ အမွေဆက်များစုပေါင်းပြီး ဒေါ်မိမိ(ခ)မိမိမာပါ (၉)ဦးတို့မှ ဦးပိုင်(၃)တစ်ကွက်လုံးကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၄၈၈/၂၀၁၃)ဖြင့် အမွေဆက်ခံခဲ့ပါသည်။ အမွေဆက်ခံသူ (၉)ဦးအနက်မှ ဒေါ်မိမိလေးပါ (၇)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၂၄၉၀/ ၂၀၁၃)ဖြင့် ဒေါ်မိမိ(ခ) မိမိမာနှင့် ဦးမျိုးသော်တို့မှ ဦးပိုင်-၃(ခဲစင်း) မြောက်ဘက်ခြမ်းအားစွန့်လွှတ်ခြင်းကို လက်ခံခဲ့ပါသည်။ တစ်ဖန်ဦးပိုင်-၃ (ခဲစင်း)တောင်ဘက်ခြမ်းအား ဒေါ်မိမိ(ခ)မိမိမာပါ(၈)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၂၄၈၉/၂၀၁၃)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဒေါ်လှလှရီ[၉/မရမ(နိုင်)၀၂၆၇၆၄]မှ အမှုတွဲအမှတ်-၀၃၆၈/ဘ/ခွဲ/ပြောင်း) ၂၀၁၄-၂၀၁၅ဖြင့် ဘ/ခွဲ/ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ လူနေရပ်ကွက်အမှတ်(၄၂)၊ ဦးမောင်ကြီးလမ်း၊ မြေကွက်အမှတ်(၂၀၉)၊ အလျားပေ(၄၀)၊ အနံ ပေ(၆၀)၊ စတုရန်းပေ (၂၄၀၀) ရှိ ဦးအောင်မြတ် အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင် ဦးအောင်မြတ်(MMN-024208) ထံမှ ဦးသိန်းဝင်း [၁၂/စခန(နိုင်)၀၃၀၁၃၅] က (၄-၃-၂၀၁၄) ရက်စွဲပါ "မြေနှင့်အိမ်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိထားပိုင်ရှင်ဖြစ်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းဝင်းထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးမင်းမင်းသိမ်း[၁၂/ကမရ(နိုင်)၀၃၂၁၆၀]မှ အပြီးအပိုင် ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများကို ပေးချေထားပြီးဖြစ်သောကြောင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးသိမ်း B.A(Law),LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၄)**
**အမှတ်(၄၅၂)၊ ဗိုလ်မင်းရောင်လမ်း၊**
**(၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၁၈၆၉၅၇**

## သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရန် ဇာတ်ပွဲ-ရုံမြေနေရာများရောင်းချရန် လေလံခေါ်ယူခြင်း

၁။ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ တပို့တွဲလဗုဒ္ဓပူဇနီယပွဲတော်ကို (၁၃၇၆ခုနှစ်၊ တပို့တွဲလဆန်း ၈ရက်မှ လပြည့်ကျော် ၁ရက်ထိ) ၂၇-၁-၂၀၁၅ရက်မှ ၄-၂-၂၀၁၅ရက်ထိ ဇာတ်ပွဲ၊ ကြည့်ချင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ ဇာတ်ပွဲရုံကြီး (၄)ရုံ မြေနေရာနှင့် ကြည့်ချင်ပွဲများအတွက် မြေနေရာများကို အောက်ဖော်ပြပါ နေ့ရက်တွင် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

| | |
|---|---|
| လေလံတင်ရောင်းချမည့်ရက် | - ၂၉-၁၁-၂၀၁၄ရက် (စနေနေ့) |
| လေလံတင်ရောင်းချမည့်အချိန် | - မွန်းလွဲ (၁း၀၀)နာရီတိတိ |
| လေလံတင်ရောင်းချမည့်နေရာ | - ဂေါပကအဖွဲ့ရုံး(အစည်းအဝေးခန်းမ) |

၃။ ရုံမြေနေရာများ လေလံတင်ရောင်းချသည့် လေလံတင်စည်းကမ်းသတ်မှတ်ချက်အသေးစိတ် အချက်အလက်များနှင့် လေလံပုံစံများကို (၁)စောင်လျှင် ငွေကျပ်(၁၀၀၀ဝိ/-)ဖြင့် ဂေါပကအဖွဲ့ရုံးတွင် စုံစမ်းဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဂေါပကအဖွဲ့**
**ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်**
**ဖုန်း-၀၅၆-၂၁၁၄၃၊ ၀၅၆-၂၂၀၃၂**

## အသက်(၂၂)နှစ်မြောက် ... (စိန့်ဩဂတ်စတင်း)

... St. Augustine ...

နေ့ရက် - ၂၈-၁၂-၂၀၁၄

နေရာ - MJ Food Center

KMD Education Services

နိုင်ငံတကာအသိအမှတ်ပြု IT Professional ...

First Year Diploma in Computing

On Job Training

Second Year Diploma in Computing

On Job Training

Higher Position & Job Market

Master Degree

Microsoft Certified Professional ...

Hot Line: 700895, 220555

ဆရာမိုး Follow Me Ph.D(USA)

Aptis Test

... Ph.D ...

09-43125393

01 398118, 295798

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AA/5712 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## "KYAY OH KING" ကြေးအိုးဘုရင်

KYAY OH KING

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

DIAMOND

ကုန်အမှတ်တံဆိပ်အမှတ် (...)

## ကန့်ကွက်နိုင်ပါသည်


ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၇)၊ မြေကွက်အမှတ်(၁၄၅) ဟုခေါ်တွင်သော ဧရိယာ(အလျားပေ၄၀ ×အနံပေ ၆၀)၊ ကျယ်ဝန်းသော ပါမစ်မြေကွက်သက်သက်ကို အပြီးအပိုင်ဝယ်ယူရန် လက်ရှိပိုင်ရှင် ဒေါ်တင့်မြတ်မျိုး[၁၂/စခန(နိုင်)၀၂၇၄၉၁] သို့ ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက တရားဝင် အရောင်းအဝယ်စာချုပ်ကို ဆက်လက်၍ ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ (စဉ်-၃၁၀၅၄)** | **ဦးသိန်းညွန့်** |
| **BSc, DA.HGP,R.L,DBL, DML,DIL** | **BA,HGP, R.L, DBL, DML, DIL** |
| **ဒေါ်ဝါဝါစံ LL.B (စဉ်-၂၇၈၆၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |
| **ဒေါ်ချောချောအေး LL.B (စဉ်-၂၇၄၆၇)** | **အမှတ်(၁၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊** |
| **အထက်တန်းရှေ့နေများ** | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၅၀၅၃၁၀၇၊ ၀၉-၇၃၀၈၅၀၉၀၊** | **ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၄၂၁၀၁၅၂၅၅** |






Dec 14, 21, 28 Jan 11,25 Feb 08, 22, Mar 08, 22 , Apr 11

11-1-2015

Apr 30

MYANMAR GEMMOLOGICAL INSTITUTE
MGI

"ကျောက်စိမ်းပညာလုပ်ငန်းခွင်သင်တန်း"

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Ph:09-254034987


# မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
# မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမဖွင့်ပွဲအခမ်းအနား
# အသိပေးကြေညာချက်

**၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်**

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်မှ ကြီးမှူးဖွင့်လှစ်မည့် မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမဖွင့်ပွဲအခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်/ အသင်းသားများအားလုံး စုံညီစွာတက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(၁) ကျင်းပမည့်နေ့ရက် - ၂၄-၁၁-၂၀၁၄ ရက်(တနင်္လာနေ့)
(၂) ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ
(၃) ကျင်းပမည့်နေရာ - မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ
အမှတ်(၆၈)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့

**အလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် (၄/ခ)၊ မြေကွက်တည်နေရာအမှတ် (၄/ခ)၊ ရန်ပြေ(၂၂)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်သန်း [၁၂/ဒပန(နိုင်)၀၀၃၇၅၄] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးတင်သန်းကိုယ်တိုင်မှ (ဂရန်)မူရင်းပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ်(သကတ/၃(ရန်)၁၄၇၅/၉၃) အမည်ပေါက်နှင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မင်းလွင်ကုန်းကျေးရွာအုပ်စု၊ သူငဲ့ချောင်ကျေးရွာ (ရန်ကုန်မြို့တော်စည်ပင်ကတ္တားအနီး)ရှိ ရော်ဘာခြံနှင့် ကပ်လျက်ရှိသော ခြံမြေ(၀.၇၆)ဧကအား မူလပိုင်ရှင်ဖြစ်သူ လှည်းကူးမြို့၊ မင်းလမ်းမနေ ဒေါ်သိန်းမှ နိုင်ငံတော်၏ ချမှတ်ထားသောမူဝါဒများနှင့်အညီ ခြံမြေပြန်လည်ရရှိရေး ဆောင်ရွက်နေစဉ်ကာလအတွင်း မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အခြား တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မပြုရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သိန်း၏(ကိုယ်စား)**
**ဒေါ်ယဉ်ယဉ်သိန်း (HGU-၀၉၅၈၀၆)**
**င/၆၄၊ မင်းလမ်း၊**
**ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့**
**ဖုန်း-၆၂၉၀၂၇၊ ၆၂၉၄၇၉**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဦးကျော်ဇင်သိန်း[၉/မမန(နိုင်)၀၁၃၁၀၅) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးကျော်ဇင်သိန်း [၉/မမန(နိုင်)၀၁၃၁၀၅]နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုက်ကြီးကုန်း၊ စိတ္တသုခလမ်း၊ အမှတ်(၃၆၃/ခ)နေ ဒေါ်အေးအေးလွင် [၁၂/မဂဒ(နိုင်)၀၀၁၀၈၄]တို့သည် ၄-၆-၂၀၁၂ ရက်မှစ၍ လင်ခန်း၊ မယားခန်း ပတ်သက်မှုမရှိ အတူပေါင်းသင်းနေထိုင်ခြင်းလည်းမရှိပါ။ ယင်းနေ့မှစ၍ ကျွန်ုပ်မိတ်ဆွေဦးကျော်ဇင်သိန်းနှင့် ဒေါ်အေးအေးလွင်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှလုံး၀(လုံး၀) သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဟန်ဝင်းလွင်**
**စီးပွားရေးနှင့်လူမှုရေးဆိုင်ရာဥပဒေအတိုင်ပင်ခံ**
**LL.B,D.L -WIPO (Switzerland) (စဉ်-၃၅၁၃၅)**
**PIONEER LAW FIRM**
**အမှတ်(၁၅၁)၊ ဒုတိယထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉၈၆၁၄၃၄၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘဌာန်းလမ်း၊ တိုက်အမှတ် (၆၉၃)၊ (ဒုတိယထပ်)ရှိ အခန်းအမှတ်(၂၀၂)အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အပြီးအပိုင်ရောင်းချရာတွင် ဒေါ်အေးအေး[၁၂/ရကန(နိုင်)၀၅၂၂၀၀]သည် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့ထိ လက်ရှိနေထိုင်လျက်ရှိပါသည်။

အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းနှင့် မေတ္တာဖြင့်ပေးကမ်းခြင်း ပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်၍ ဒေါ်အေးအေးနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိသောကြောင့် ဤတိုက်ခန်းပိုင်ရှင် ဒေါ်အေးအေးမှ လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ချက်အရ-

**ဒေါ်နန်းအေးမြင့်ရွှေ(PhD,M Res,LL.M, LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၂၅၂)**
**အမှတ်-၉၈၃၊ ကျော်သူ၂၄လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၀၀၁၉၈၊ ၀၉-၉၇၇၉၉၄၄၈၈**

## ဒေါ်မြမြညို[၁၂/ပဘတ(နိုင်)၀၂၀၁၆၁]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပြည်ထောင်စုလမ်းသွယ်၊ ဗဟန်းမြို့နယ်၊ အမှတ်(၉)နေ ဒေါ်မေစံပယ်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ တိုက်အမှတ်-၂၅၅/၂၅၇၊ (၉)လွှာ၊ (ခေါင်းရင်းခန်း)တိုက်ခန်းအား ဦးထွန်းအောင်ထံမှ ကြိုပွဲလွင့်စနစ်ဖြင့် ဒေါ်မြမြညိုမှ ၁၈-၁-၂၀၀၈ ရက်တွင် ဝယ်ယူခဲ့ပါသည်။ ဒေါ်မေစံပယ်သည် ဒေါ်မြမြညိုထံမှ ၁၃-၈-၂၀၀၉ရက်တွင် "နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်" ဖြင့် ရောင်းကြေးငွေများအပြေအကျေပေး၍ ဝယ်ယူခဲ့ပါသည်။ ဒေါ်မြမြညိုသည် အဆိုပါတိုက်ခန်းနှင့်ပတ်သက်သောအရောင်းအဝယ်စာချုပ်မူရင်းနှင့် အရစ်ကျပေးချေမှုစာချုပ်မူရင်းတို့ကို ဒေါ်မေစံပယ်သို့ လက်ဝယ်ပေးခဲ့ပါသည်။ ဒေါ်မြမြညိုနှင့်မိသားစုဝင်များကို ခင်မင်မှုအရ အဆိုပါအခန်းအား ခေတ္တလွှဲအပ်ထားခြင်းဖြစ်ပါသည်။

အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်မြမြညိုသည် အခြားသူတစ်ဦးဦးသို့ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းလွှဲပြောင်းပေးခြင်းများမပြုလုပ်ရန်နှင့် ဒေါ်မြမြညိုထံမှ အဆိုပါတိုက်ခန်းအား အဝယ်မမှားမိစေရန် အများသိစေရန် အသိပေးကြေညာခြင်းဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်သောင်း H.G.P, B.A (Law),LL.B** | **ဒေါ်နေခြည်ဝင့် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၈၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၈၄)**
**အမှတ်-၅၆၅၊ အခန်း-၁၀၃ဒီ၊ MAC Tower၊ ကုန်သည်လမ်း၊**
**ဖုန်း-၀၉-၅၀၁၆၄၈၆၊ email:utinthaung @ gmail.com**

